မှတ်ပုံတင်အမှတ်—၃၉

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
# ပြန်တမ်း

အမှတ် ၂ ] ရန်ကုန်မြို့ { ၁၃၇၇ ခုနှစ်၊ နတ်တော်လပြည့်ကျော် ၁၃ ရက် ( ၂၀၁၆ ခုနှစ်၊ ဇန်နဝါရီလ ၈ ရက် ) } သောကြာနေ့ [ အတွဲ ၆၉

ဤအပိုင်းကို သီးခြားစုပေါင်း၍တွဲထားနိုင်ရန် သီးခြားစာမျက်နှာတပ်ထားပါသည်။

## အပိုင်း ၁

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**နိုင်ငံတော်သမ္မတရုံး**

**အမိန့်ကြော်ငြာစာအမှတ် ၇၂/ ၂၀၁၅**

၁၃၇၇ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၈ ရက်

( ၂၀၁၅ ခုနှစ်၊ ဒီဇင်ဘာလ ၄ ရက် )

**၂၀၁၆ ခုနှစ်၊ (၆၉) နှစ်မြောက် ပြည်ထောင်စုနေ့ကျင်းပရေး စီမံခန့်ခွဲမှုကော်မတီ ဖွဲ့စည်းခြင်း**

၁။ ၂၀၁၆ ခုနှစ်၊ (၆၉) နှစ်မြောက် ပြည်ထောင်စုနေ့အခမ်းအနားကို အမျိုးသားရေးဦးတည်ချက်များနှင့်အညီ နိုင်ငံရေးအနှစ်သာရရှိရှိဖြင့် အောင်မြင်စွာကျင်းပနိုင်ရေးအတွက် **“၂၀၁၆ ခုနှစ်၊ (၆၉) နှစ်မြောက် ပြည်ထောင်စုနေ့ကျင်းပရေး စီမံခန့်ခွဲမှုကော်မတီ”** ကို အောက်ပါပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းလိုက်ပါသည် -

| | | |
|---|---|---|
| (က) | ဦးသိန်းညွန့်<br>ပြည်ထောင်စုဝန်ကြီး<br>သမ္မတရုံးဝန်ကြီးဌာန (၁)<br>ဥက္ကဋ္ဌ<br>နေပြည်တော်ကောင်စီ | ဥက္ကဋ္ဌ |
| (ခ) | ဗိုလ်ချုပ်အောင်စိုး<br>ဒုတိယဝန်ကြီး<br>ပြည်ထဲရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဂ) | ဗိုလ်ချုပ်သန်းထွန်း<br>ဒုတိယဝန်ကြီး<br>နယ်စပ်ရေးရာဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဃ) | ဦးအောင်သိမ်း<br>ဒုတိယဝန်ကြီး<br>ပြန်ကြားရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (င) | ဦးဟန်စိန်<br>ဒုတိယဝန်ကြီး<br>ပို့ဆောင်ရေးဝန်ကြီးဌာန | အဖွဲ့ဝင် |

| | | |
|---|---|---|
| (စ) | ဦးမြင့်ဇော်<br>ဒုတိယဝန်ကြီး<br>စွမ်းအင်ဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဆ) | ဦးသန့်ရှင်း<br>ဒုတိယဝန်ကြီး<br>ပညာရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဇ) | ဒေါက်တာဝင်းမြင့်<br>ဒုတိယဝန်ကြီး<br>ကျန်းမာရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဈ) | ဒေါ်စန္ဒာခင်<br>ဒုတိယဝန်ကြီး<br>ယဉ်ကျေးမှုဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ည) | ဒေါက်တာလင်းအောင်<br>ဒုတိယဝန်ကြီး<br>ဘဏ္ဍာရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဋ) | ဦးချန်မောင်<br>ဒုတိယဝန်ကြီး<br>ရထားပို့ဆောင်ရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဌ) | ဒေါက်တာစိုင်းကျော်အုန်း<br>ဒုတိယဝန်ကြီး<br>ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဍ) | ဦးမျိုးမြင့်<br>ဒုတိယစာရင်းစစ်ချုပ်<br>ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး | အဖွဲ့ဝင် |
| (ဎ) | ဦးသန်းဌေး<br>ကောင်စီဝင်<br>နေပြည်တော်ကောင်စီ | အဖွဲ့ဝင် |
| (ဏ) | ဦးကံချွန်<br>ကောင်စီဝင်<br>နေပြည်တော်ကောင်စီ | အဖွဲ့ဝင် |
| (တ) | ဦးသန်းကျော်ထူး<br>ဒုတိယမြို့တော်ဝန်<br>နေပြည်တော်စည်ပင်သာယာရေးကော်မတီ | အဖွဲ့ဝင် |
| (ထ) | ဗိုလ်ချုပ်မင်းဇော်<br>ညွှန်ကြားရေးမှူး<br>ထောက်ပံ့နှင့် ပို့ဆောင်ရေးညွှန်ကြားရေးမှူးရုံး | အဖွဲ့ဝင် |
| (ဒ) | ဗိုလ်မှူးချုပ်မောင်မောင်<br>ဒုတိယတိုင်းမှူး<br>နေပြည်တော်တိုင်းစစ်ဌာနချုပ် | အဖွဲ့ဝင် |
| (ဓ) | ဗိုလ်မှူးကြီးဇော်မင်း<br>တိုင်းဦးစီးဗိုလ်မှူးကြီး<br>နေပြည်တော်တိုင်းစစ်ဌာနချုပ် | အဖွဲ့ဝင် |

(န) ညွှန်ကြားရေးမှူးချုပ် — အဖွဲ့ဝင်
အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန

(ပ) ဦးမြင့်ထွေး — အဖွဲ့ဝင်
ညွှန်ကြားရေးမှူးချုပ်
မြန်မာ့အသံနှင့်ရုပ်မြင်သံကြား

(ဖ) ညွှန်ကြားရေးမှူးချုပ် — အဖွဲ့ဝင်
အနုပညာဦးစီးဌာန

(ဗ) ဦးတင့်သွင် — အဖွဲ့ဝင်
ညွှန်ကြားရေးမှူးချုပ်
ဟိုတယ်နှင့်ခရီးသွားညွှန်ကြားမှုဦးစီးဌာန

(ဘ) ဒေါ်ခင်စန်းဦး — အဖွဲ့ဝင်
ညွှန်ကြားရေးမှူးချုပ်
စီမံရေးရာ၊ လေ့ကျင့်ရေးနှင့် သုတေသနဦးစီးဌာန
ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး

(မ) ဦးမျိုးညွန့် — အတွင်းရေးမှူး
ကောင်စီဝင်
နေပြည်တော်ကောင်စီ

(ယ) ဦးဝင်းငွေး — တွဲဖက်အတွင်းရေးမှူး
အတွင်းရေးမှူး
နေပြည်တော်စည်ပင်သာယာရေးကော်မတီ

၂။ စီမံခန့်ခွဲမှုကော်မတီသည် လုပ်ငန်းများ စနစ်တကျဖြင့် အောင်မြင်စွာ ဆောင်ရွက်နိုင်ရေးအတွက် ဆပ်ကော်မတီများကို လိုအပ်သလို ဖွဲ့စည်းဆောင်ရွက်သွားရန်ဖြစ်သည်။

(ပုံ) သိန်းစိန်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**နိုင်ငံတော်သမ္မတရုံး**

**ကြေညာချက်အမှတ် (၂/၂၀၁၅)**

၁၃၇၇ ခုနှစ်၊ နတ်တော်လဆန်း ၇ ရက်

( ၂၀၁၅ ခုနှစ်၊ ဒီဇင်ဘာလ ၁၈ ရက် )

**ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ စတင်ကျင်းပမည့်ရက် ကြေညာခြင်း**

၁။ ၂၀၁၁ ခုနှစ်၊ ဩဂုတ်လ ၁၈ ရက်နေ့တွင် နိုင်ငံတော်သမ္မတအနေဖြင့် ငြိမ်းချမ်းရေးဖော်ဆောင်ရန် စတင်ကမ်းလှမ်းဖိတ်ခေါ်ခဲ့ပြီးနောက် ၂၀၁၅ ခုနှစ်၊ အောက်တိုဘာလ ၁၅ ရက်နေ့တွင် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (Nationwide Ceasefire Agreement - NCA) ကို ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရနှင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်း (၈) ဖွဲ့တို့အကြား လက်မှတ်ရေးထိုးခဲ့ပါသည်။

၂။ ၎င်းသဘောတူစာချုပ်ပါ ကတိကဝတ်များအတိုင်း နိုင်ငံရေးဆွေးနွေးပွဲများ စတင်ရန်အတွက် အခြေခံရမည့် နိုင်ငံရေးဆွေးနွေးမှုဆိုင်ရာ မူဘောင် (The Framework for Political Dialogue) ကို ၂၀၁၅ ခုနှစ်၊ ဒီဇင်ဘာလ ၁၅ ရက်နေ့တွင် ရေးဆွဲပြီးစီးခဲ့ပြီးဖြစ်ပါသည်။

၃။ ၎င်းမူဘောင်ကိုအခြေခံ၍ အမျိုးသားပြန်လည်သင့်မြတ်ရေး၊ လက်နက်ကိုင်ပဋိပက္ခများချုပ်ငြိမ်းရေးနှင့် နိုင်ငံရေးပြဿနာများကို နိုင်ငံရေးနည်းလမ်းဖြင့် ငြိမ်းချမ်းစွာ အဖြေရှာနိုင်ရေး စတင်နိုင်ရန်အတွက် ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံကို ၂၀၁၆ ခုနှစ်၊ ဇန်နဝါရီလ ၁၂ ရက်နေ့တွင် စတင်ကျင်းပရန်ကြေညာလိုက်သည်။

(ပုံ) သိန်းစိန်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ပြည်ထောင်စုလွှတ်တော်ရုံး**

**အမိန့်ကြော်ငြာစာအမှတ် (၁၃၆/၂၀၁၅)**

၁၃၇၇ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၂ ရက်

( ၂၀၁၅ ခုနှစ်၊ စက်တင်ဘာလ ၁ ရက် )

**မြန်မာနိုင်ငံစာရင်းအင်းဥပဒေကြမ်း ထုတ်ပြန်ကြေညာခြင်း**

ပြည်ထောင်စုအစိုးရအဖွဲ့မှ ပြည်ထောင်စုလွှတ်တော်သို့ ပေးပို့လာသော **မြန်မာနိုင်ငံစာရင်းအင်းဥပဒေကြမ်း**အား ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၇၉ အရ ထုတ်ပြန်ကြေညာအပ်ပါသည်။

(ပုံ) ကျော်စိုး၊
ညွှန်ကြားရေးမှူးချုပ်၊
ပြည်ထောင်စုလွှတ်တော်ရုံး။

**မြန်မာနိုင်ငံစာရင်းအင်းဥပဒေ (မူကြမ်း)**

**(၂၀၁၅ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ။)**

၁၃၇၇ ခုနှစ်၊ လ ရက်

( ၂၀၁၅ ခုနှစ်၊ လ ရက် )

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

**အခန်း (၁)**

**အမည်နှင့် အဓိပ္ပာယ်ဖော်ပြချက်များ**

၁။ ဤဥပဒေကို **မြန်မာနိုင်ငံစာရင်းအင်းဥပဒေ**ဟု ခေါ်တွင်စေရမည်။

၂။ ဤဥပဒေတွင်ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည်-

(က) **မြန်မာနိုင်ငံအမျိုးသားစာရင်းအင်းစနစ်**ဆိုသည်မှာ စာရင်းအင်းဆိုင်ရာ ကောက်ယူစုဆောင်းထားသည့် အချက်အလက်များ သို့မဟုတ် အုပ်ချုပ်မှုဆိုင်ရာ မှတ်တမ်းများ သို့မဟုတ် အခြားစာရင်းအင်းဆိုင်ရာ ပြုစုထားရှိမှုများမှ မူလအချက်အလက်များကို ရည်ညွှန်းကိုးကားထားခြင်းရှိသည်ဖြစ်စေ၊ မရှိသည်ဖြစ်စေ၊ တရားဝင်စာရင်းအင်းများကိုပြုစုရာတွင် အစိုးရဌာန၊ အဖွဲ့အစည်းများနှင့် ပုဂ္ဂလိကကဏ္ဍတို့ ပူးပေါင်းပါဝင်ဆောင်ရွက်ကြသောစနစ်ကို ဆိုသည်။

(ခ) **တရားဝင်စာရင်းအင်း**ဆိုသည်မှာ မြန်မာနိုင်ငံအမျိုးသားစာရင်းအင်းစနစ်တွင် ဖော်ပြထားသော အုပ်ချုပ်မှုဆိုင်ရာ မှတ်တမ်းများ၊ ဝန်ကြီးဌာနများမှမှတ်တမ်းများနှင့်စာရင်းအင်းများ၊ သန်းခေါင်

စာရင်းများ၊ စစ်တမ်းများအား ကောက်ယူစုဆောင်းခြင်း၊ ပြုစုခြင်း၊ တွက်ချက်ခြင်း၊ ခွဲခြမ်းစိတ်ဖြာ သုံးသပ်ခြင်း၊ ပုံနှိပ်ထုတ်ဝေခြင်း၊ ဖြန့်ဝေခြင်းတို့ပါဝင်သော စာရင်းအင်းဆိုင်ရာအချက်အလက် စုဆောင်းမှုလုပ်ငန်းစဉ်များမှရရှိသော အချက်အလက် (Data) များကို ဆိုသည်။

(ဂ) **အရည်အသွေးပြည့်ဝသည့် စာရင်းအင်း**ဆိုသည်မှာ ဓမ္မဒိဋ္ဌာန်ကျမှု၊ တိကျမှန်ကန်မှု၊ စပ်ဆိုင်မှု၊ အချိန်နှင့်တစ်ပြေးညီ ထုတ်ပြန်နိုင်မှုရှိသည့် စာရင်းအင်းကို ဆိုသည်။

(ဃ) **သန်းခေါင်စာရင်း**ဆိုသည်မှာ လူ၊ တိရစ္ဆာန်၊ အဆောက်အအုံ၊ ပစ္စည်း၊ လုပ်ငန်းစသည်တို့၏ စာရင်းအင်းဆိုင်ရာ အချက်အလက်များ ပါဝင်သည်။

(င) **စစ်တမ်း**ဆိုသည်မှာ ဦးရေဆိုင်ရာလက္ခဏာရပ်များကို ခန့်မှန်းသိရှိနိုင်ရန်အတွက် အချိန်ကာလ တစ်ခုအတွင်း ဦးရေဆိုင်ရာ စာရင်းအင်းအချက်အလက်များကို နမူနာစာရင်းကောက်ယူခြင်းဖြင့် စုဆောင်းရယူထားသော စာရင်းအင်းဆိုင်ရာ အချက်အလက်ကို ဆိုသည်။

(စ) **အုပ်ချုပ်မှုဆိုင်ရာမှတ်တမ်း** (Administrative Record) ဆိုသည်မှာ စာရင်းအင်းလုပ်ငန်းစဉ် အတွက် ရည်ရွယ်ထားခြင်းမဟုတ်သော်လည်း အုပ်ချုပ်မှုဆိုင်ရာကိစ္စရပ်များအတွက် ကောက်ယူ စုစည်းထိန်းသိမ်းထားသော မှတ်တမ်းအချက်အလက်ကို ဆိုသည်။

(ဆ) **မေးခွန်းဖြေကြားသူ**ဆိုသည်မှာ စာရင်းအင်းဆိုင်ရာအချက်အလက်များကို ဖြေကြားဆောင်ရွက်သော ပုဂ္ဂိုလ်တစ်ဦးဦးကိုသော်လည်းကောင်း၊ တစ်ဦးချင်းဖြစ်စေ၊ အိမ်ထောင်စုကိုဖြစ်စေ၊ ဌာန အဖွဲ့အစည်း သို့မဟုတ် အသင်းအဖွဲ့တစ်ရပ်ရပ်ကိုဖြစ်စေ ကိုယ်စားပြုဖြေကြားသူတစ်ဦးဦးကို သော်လည်းကောင်း ဆိုလိုသည်။

(ဇ) **စာရင်းအင်းအချက်အလက်ဖြန့်ဝေခြင်း**ဆိုသည်မှာ စာရင်းအင်းဆိုင်ရာ လျှို့ဝှက်ထိန်းသိမ်းခြင်းနှင့် သက်ဆိုင်ခြင်းမရှိသော အချက်အလက်ကို သုံးစွဲသူများသို့ ရယူအသုံးပြုခွင့်ပေးခြင်းကို ဆိုသည်။

(ဈ) **လျှို့ဝှက်ထိန်းသိမ်းထားရမည့် အချက်အလက်**ဆိုသည်မှာ မြန်မာနိုင်ငံ အမျိုးသားစာရင်းအင်း စနစ်ဖြင့် တရားဝင်စာရင်းအင်းများကို ပြုစုနိုင်ရန်ကောက်ယူရာတွင် လက်ခံရရှိထားသော ပုဒ်မ ၃၁ နှင့်အညီ သတ်မှတ်ဖော်ပြထားသည့် ခွင့်ပြုချက်မပါရှိဘဲ ထုတ်ဖော်ခြင်းမပြုနိုင်သော ပုဂ္ဂိုလ်တစ်ဦးချင်းနှင့် သက်ဆိုင်သည့် အချက်အလက်ကို ဆိုသည်။

(ည) **မူလစာရင်းအင်းအချက်အလက်**ဆိုသည်မှာ စစ်တမ်း၊ သန်းခေါင်စာရင်းနှင့်အခြားစာရင်းအင်းဆိုင်ရာ အချက်အလက်ကောက်ယူစုဆောင်းမှုလုပ်ငန်းစဉ်များမှတစ်ဆင့် မေးခွန်းဖြေကြားသူထံမှ တိုက်ရိုက် ကောက်ယူစုဆောင်းရရှိပြီး တရားဝင်စာရင်းအင်းအတွက် အသုံးပြုရန် ရည်ညွှန်းကိုးကားမည့် အချက်အလက်ကို ဆိုသည်။

(ဋ) **စာရင်းအင်းဆိုင်ရာလုပ်ငန်းစဉ်**ဆိုသည်မှာ တရားဝင်စာရင်းအင်းများ ထုတ်ပြန်ရန် အုပ်ချုပ်မှု ဆိုင်ရာမှတ်တမ်းများ၊ သန်းခေါင်စာရင်းနှင့် စစ်တမ်းများမှစာရင်းအင်းအချက်အလက်များကို ကောက်ယူစုဆောင်းခြင်း၊ ပြုစုခြင်း၊ ညွှန်းကိန်းများအားတွက်ချက်တိုင်းတာခြင်း၊ အမျိုးအစား ခွဲခြားခြင်း၊ သုံးသပ်ခြင်း၊ ပုံနှိပ်ထုတ်ဝေခြင်း၊ ဖြန့်ဝေခြင်း၊ သိမ်းဆည်းခြင်းတို့နှင့်သက်ဆိုင်သည့် တာဝန်ယူဆောင်ရွက်မှုများကို ဆိုသည်။

(ဌ) **စာရင်းအင်းဆိုင်ရာကိစ္စရပ်**ဆိုသည်မှာ တရားဝင်စာရင်းအင်းများကို ပြုစုရာတွင် အသုံးပြု ဆောင်ရွက်ခြင်းကို ဆိုသည်။

(ဍ) **စာရင်းအင်းဆိုင်ရာအချက်အလက်**ဆိုသည်မှာ တရားဝင်စာရင်းအင်းများကို ဖော်ပြသည့် အချက် အလက်ကို ဆိုသည်။

(ဎ) **တရားဝင်စာရင်းအင်းများနှင့်သက်ဆိုင်သောနှစ်စဉ်လုပ်ငန်းအစီအစဉ်**ဆိုသည်မှာ မြန်မာနိုင်ငံ အမျိုးသားစာရင်းအင်းစနစ်အရ အချက်အလက် ပြုစုထုတ်ပြန်သူများက ဆောင်ရွက်မည့် စာရင်းအင်းဆိုင်ရာလုပ်ငန်းစဉ်များအားလုံးကို ဖော်ပြထားသည့် နှစ်စဉ်ဆောင်ရွက်မည့် လုပ်ငန်းကို ဆိုသည်။

(ဏ) **စာရင်းအင်းပြုစုထုတ်ပြန်သူ**ဆိုသည်မှာ တရားဝင်စာရင်းအင်းများကို ထုတ်ပြန်ရန်ရည်ရွယ်ချက်ဖြင့် မူလအချက်အလက် သို့မဟုတ် တစ်ဆင့်ခံ အချက်အလက်ကောက်ယူသည့် အစိုးရဌာန၊ အစိုးရ အဖွဲ့အစည်းကို ဆိုသည်။

(တ) **အမျိုးသားစာရင်းအင်းစနစ်တွင်ပါဝင်ပတ်သက်သူ**(Stakeholder)ဆိုသည်မှာ အမျိုးသားစာရင်းအင်း စနစ် အကောင်အထည်ဖော်ရာတွင် အဓိကပါဝင်ဆောင်ရွက်သည့် ပုဂ္ဂိုလ်တစ်ဦးချင်း၊ အိမ်ထောင်စု၊ အစိုးရဌာနများ၊ အဖွဲ့အစည်းများ၊ သမဝါယမ၊ ဖက်စပ်လုပ်ငန်း၊ ကော်ပိုရေးရှင်း၊ ကုမ္ပဏီ အပါအဝင် ပုဂ္ဂလိကစီးပွားရေးအဖွဲ့အစည်းကို ဆိုသည်။

## အခန်း (၂)
## ရည်ရွယ်ချက်

၃။ ဤဥပဒေ၏ ရည်ရွယ်ချက်များမှာ အောက်ပါအတိုင်း ဖြစ်သည် -

(က) အရည်အသွေးပြည့်ဝ၍ တိကျမှန်ကန်ပြီး ယုံကြည်စိတ်ချရသော စာရင်းအင်းများကို အချိန်နှင့် တစ်ပြေးညီ ပြုစုပံ့ပိုးနိုင်သည့် မြန်မာနိုင်ငံအမျိုးသားစာရင်းအင်းစနစ်ပေါ်ပေါက်လာစေရန်၊

(ခ) အရည်အသွေးပြည့်ဝသော စာရင်းအင်းများရရှိခြင်းဖြင့် မူဝါဒနှင့် စီမံကိန်းများရေးဆွဲရာတွင် လည်းကောင်း၊ သုတေသနလုပ်ငန်းများဆောင်ရွက်ရာတွင်လည်းကောင်း အထောက်အကူပြုစေရန်၊

(ဂ) အကျိုးသက်ရောက်မှုရှိပြီး နိုင်ငံတော်အစိုးရနှင့် အများပြည်သူတို့ အသုံးပြုနိုင်ရန်အတွက် စာရင်းအင်းဆိုင်ရာလုပ်ငန်းစဉ်များ ဆောင်ရွက်ရာတွင် လွယ်ကူချောမွေ့စေရန်၊

(ဃ) စာရင်းအင်းနှင့်သက်ဆိုင်သော ဌာနများ/အဖွဲ့အစည်းများအကြား ထိရောက်မြန်ဆန်စွာ ပူးပေါင်း ညှိနှိုင်းဆောင်ရွက်မှုများ ပိုမိုအားကောင်းစေရန်၊

(င) အရည်အသွေးပြည့်ဝပြီး တိကျမှန်ကန်သည့် စာရင်းအင်းများကို ရရှိအသုံးပြုနိုင်ခြင်းအားဖြင့် အစိုးရနှင့်ပြည်သူများအကြား၊ နိုင်ငံတကာအသိုင်းအဝိုင်းများအကြား ယုံကြည်မှုတိုးမြှင့်စေရန်။

## အခန်း (၃)
## အခြေခံစည်းမျဉ်းများ

၄။ တရားဝင်စာရင်းအင်းများ၏ အရည်အသွေးပြည့်ဝစေရန်နှင့် ပြည်သူများ၏ယုံကြည်မှုကို ရရှိနိုင်စေရန် စာရင်းအင်းဆိုင်ရာ လုပ်ငန်းစဉ်များကို အောက်ပါအခြေခံစည်းမျဉ်းများနှင့်အညီ လိုက်နာဆောင်ရွက်ရမည်-

(က) မြန်မာနိုင်ငံအမျိုးသားစာရင်းအင်းစနစ်တွင် အရည်အသွေးပြည့်ဝသည့် စာရင်းအင်းများဖြစ်ပေါ် စေရန် တည်ဆဲဥပဒေများနှင့် တရားဝင်စာရင်းအင်းဆိုင်ရာ ကုလသမဂ္ဂအခြေခံ စည်းမျဉ်းများနှင့် ကိုက်ညီရမည်။

(ခ) အချက်အလက်များကို အနီးစပ်ဆုံး တိတိကျကျဖော်ပြ၍ အမှန်တကယ်တည်ရှိသည့် အခြေအနေ များနှင့် ကိုက်ညီစေရမည်။

(ဂ) တူညီသော စာရင်းအင်းဆိုင်ရာ အချက်အလက်များ ထပ်မံကောက်ယူခြင်းကို တတ်နိုင်သမျှ ရှောင်ကြဉ်ရမည်။

(ဃ) အမျိုးသားစာရင်းအင်းများနှင့်စပ်လျဉ်း၍ အများပြည်သူယုံကြည်လက်ခံနိုင်မှုရရှိစေနိုင်ရေးအတွက် စာရင်းအင်းပြုစု ဆောင်ရွက်ရာတွင် နည်းလမ်းတကျစီမံဆောင်ရွက်မှုနှင့် အချက်အလက်များ ဖြန့်ဝေခြင်း၌ ပွင့်လင်းမြင်သာမှုရှိရမည်။

(င) စာရင်းအင်းဆိုင်ရာ ကိစ္စရပ်များအတွက် ကောက်ယူစုဆောင်းထားသော ပုဂ္ဂိုလ်တစ်ဦးချင်း၊ လုပ်ငန်း/အဖွဲ့အစည်း တစ်ခုချင်းစီ၏ လျှို့ဝှက်ထိန်းသိမ်းထားရှိရမည့် အချက်အလက်များကို တိကျစွာစောင့်ရှောက်ထိန်းသိမ်းပေးရမည်။

(စ) လျှို့ဝှက်ထိန်းသိမ်းရမည့် အချက်အလက်များ ထိန်းသိမ်းစောင့်ရှောက်ခြင်းဆိုင်ရာစည်းမျဉ်းများကို လိုက်နာ၍ စာရင်းအင်းဆိုင်ရာ အချက်အလက်သုံးစွဲသူများထံ ပြည်သူ့အရင်းအမြစ်တစ်ရပ်

သို့မဟုတ် နိုင်ငံသားအခွင့်အရေးတစ်ရပ်အဖြစ်လည်းကောင်း၊ ဆုံးဖြတ်ချက်ချမှတ်သူများအတွက် အထောက်အကူအဖြစ်လည်းကောင်း ဖြောင့်မှန်သောနည်းလမ်းဖြင့် လွတ်လပ်စွာဖြန့်ဝေပေးရမည်။

(ဆ) အုပ်ချုပ်မှုဆိုင်ရာ မှတ်တမ်းများသည် တရားဝင်စာရင်းအင်းများအတွက် အခြေခံအချက်အလက်များအဖြစ် အသုံးပြုနိုင်ရမည်။

## အခန်း (၄)

## စာရင်းအင်းဆိုင်ရာ အကြီးအမှူးနှင့် ယင်း၏လုပ်ငန်းတာဝန်များ

၅။ ဗဟိုစာရင်းအင်းအဖွဲ့၏ ညွှန်ကြားရေးမှူးချုပ်သည် စာရင်းအင်းဆိုင်ရာ အကြီးအမှူး (Chief Statistician) ဖြစ်သည်။ စာရင်းအင်းဆိုင်ရာ အကြီးအမှူးသည် အောက်ပါလုပ်ငန်းတာဝန်များကို ဆောင်ရွက်ရမည် -

(က) မြန်မာနိုင်ငံအမျိုးသား စာရင်းအင်းစနစ်၏ တရားဝင်စာရင်းအင်းများနှင့် သက်ဆိုင်သော နှစ်စဉ်စာရင်းအင်းဆိုင်ရာလုပ်ငန်းစဉ်နှင့်ကာလတို၊ ကာလရှည်စီမံချက်များရေးဆွဲအကောင်အထည်ဖော်ဆောင်ရွက်ရာတွင် ပါဝင်ပတ်သက်သူများအား ပေါင်းစပ်ညှိနှိုင်းပေးခြင်းနှင့် ကြီးကြပ်ခြင်း၊

(ခ) စာရင်းအင်းဆိုင်ရာ လုပ်ငန်းစဉ်များနှင့် သက်ဆိုင်သော အခြေခံစည်းမျဉ်းများနှင့်အညီ စာရင်းအင်းဆိုင်ရာစံနှုန်းများကို သတ်မှတ်နိုင်စေရေးအတွက် ကြီးကြပ်ခြင်းနှင့်လမ်းညွှန်ခြင်း၊

(ဂ) သတ်မှတ်ထားသော စံနှုန်းများနှင့် ကိုက်ညီသောစာရင်းအင်းများပြုစုရာတွင် မြန်မာနိုင်ငံအမျိုးသားစာရင်းအင်းစနစ်တွင် ပါဝင်ကြသည့် အစိုးရဌာန၊ အဖွဲ့အစည်းများနှင့် ပုဂ္ဂလိကကဏ္ဍတို့မှ ဆောင်ရွက်ထားသည့် စာရင်းအင်းဆိုင်ရာ လုပ်ငန်းစဉ်များအား လေ့လာစိစစ်အကဲဖြတ်ခြင်းတို့ကို ကြီးကြပ်ခြင်း၊

(ဃ) စာရင်းအင်းရလဒ်များကို မှားယွင်းဖော်ပြခြင်းမှ ရှောင်ရှားနိုင်ရေးအတွက် စာရင်းအင်းဆိုင်ရာလုပ်ငန်းစဉ်များနှင့် သက်ဆိုင်သည့် နည်းပညာဆိုင်ရာ အကူအညီနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာအချက်အလက်ပြုစုထုတ်ပြန်သူများ၊ စာရင်းအင်းဆိုင်ရာအချက်အလက်သုံးစွဲသူများ၊ နိုင်ငံတကာအဖွဲ့အစည်းများနှင့် လိုအပ်သလို ညှိနှိုင်းပူးပေါင်းဆောင်ရွက်ခြင်း၊

(င) တရားဝင်စာရင်းအင်းများနှင့် သက်ဆိုင်သော လုပ်ငန်းအစီအစဉ်များနှင့်အညီ မူလစာရင်းအင်းအချက်အလက်များကောက်ယူခြင်း၊ လူမှုစီးပွားဆိုင်ရာ စစ်တမ်းများကောက်ယူရန် မြန်မာနိုင်ငံအမျိုးသားစာရင်းအင်းစနစ်တွင် ပါဝင်ကြသော အဖွဲ့အစည်းများအား တာဝန်ပေးအပ်ခြင်း၊

(စ) စာရင်းအင်းဆိုင်ရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ ဒေသဆိုင်ရာနှင့်အပြည်ပြည်ဆိုင်ရာညီလာခံများနှင့်အစည်းအဝေးများတွင် နိုင်ငံအတွက်ကိုယ်စားပြုဆောင်ရွက်ခြင်း၊

(ဆ) စာရင်းအင်းဆိုင်ရာ လုပ်ငန်းစဉ်များအတွက် လုံလောက်သောဝန်ထမ်းများနှင့်ငွေကြေးခွဲဝေချထားပြချက်များရရှိစေရန် ဆောင်ရွက်ခြင်းနှင့် အတည်ပြုချက်ရရှိရေးအတွက် စာရင်းအင်းအချက်အလက်မှန်ကန်ရေးနှင့် အရည်အသွေးပြည့်ဝရေး ကော်မတီသို့ တင်ပြခြင်း။

## အခန်း (၅)

## ဗဟိုစာရင်းအင်းအဖွဲ့၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များ

၆။ ဗဟိုစာရင်းအင်းအဖွဲ့သည် မြန်မာနိုင်ငံ၏ အမျိုးသားစာရင်းအင်းဆိုင်ရာ အာဏာပိုင်အဖွဲ့ဖြစ်စေရမည်။ အဆိုပါအဖွဲ့သည် စာရင်းအင်းဆိုင်ရာမူဝါဒနှင့် စာရင်းအင်းကဏ္ဍ ဖွံ့ဖြိုးတိုးတက်မှု အမျိုးသားအဆင့်မဟာဗျူဟာ (National Strategy for the Development of Statistics - NSDS) အကောင်အထည်ဖော်ရေးအတွက် ရပ်တည်ဆောင်ရွက်ရမည်။ စာရင်းအင်းဆိုင်ရာအကြီးအမှူးသည် ဗဟိုစာရင်းအင်းအဖွဲ့ကို ဦးဆောင်ရမည်။ ဗဟိုစာရင်းအင်းအဖွဲ့သည် အောက်ပါတာဝန်များကို ထမ်းဆောင်ရမည် -

(က) ဗဟိုစာရင်းအင်းအဖွဲ့သည် တရားဝင်စာရင်းအင်းနှင့် သက်ဆိုင်သော နှစ်စဉ်စာရင်းအင်းဆိုင်ရာလုပ်ငန်းစဉ်နှင့် ကာလတို၊ ကာလရှည်စာရင်းအင်းစီမံချက်များရေးဆွဲ အကောင်အထည်ဖော်ဆောင်ရွက်ရမည်၊

(ခ) ဗဟိုစာရင်းအင်းအဖွဲ့သည် စာရင်းအင်းအချက်အလက် မှန်ကန်ရေးနှင့်အရည်အသွေးပြည့်ဝရေး ကော်မတီ၏ အတွင်းရေးမှူးရုံး (Secretariat) အဖြစ် ဆောင်ရွက်ရမည်၊

(ဂ) စာရင်းအင်းဆိုင်ရာ လုပ်ငန်းအစီအစဉ်များကို စာရင်းအင်းအချက်အလက်မှန်ကန်ရေးနှင့် အရည်အသွေးပြည့်ဝရေးကော်မတီ၏ အတည်ပြုချက်ရရှိရေးအတွက် တင်ပြရမည်၊

(ဃ) အမျိုးသားစာရင်းအင်းစနစ်၏ တရားဝင်စာရင်းအင်းများနှင့် သက်ဆိုင်သော အစီအစဉ်နှင့် စာရင်းအင်းအချက်အလက်များကို ဖြန့်ဝေခြင်း၊ စီမံချက်များဖွံ့ဖြိုးတိုးတက်စေခြင်းနှင့် အကောင်အထည်ဖော်ဆောင်ရွက်ခြင်းတို့ကို လေ့လာစိစစ်ကြီးကြပ်ရမည်၊

(င) စာရင်းအင်းဆိုင်ရာလုပ်ငန်းစဉ်များနှင့် စပ်လျဉ်းသော အခြေခံစည်းမျဉ်းများနှင့်အညီ စာရင်းအင်း ဆိုင်ရာစံနှုန်းများ ကိုက်ညီစေရေးအတွက် သက်ဆိုင်ရာဌာနများနှင့် ပူးပေါင်းဆောင်ရွက်ရမည်၊

(စ) အရည်အသွေးပြည့်ဝ၍ တိကျမှန်ကန်သော စာရင်းအင်းကိန်းဂဏန်းအချက်အလက်များအား ကောက်ယူစုစည်းနိုင်ရန်အတွက် တိုင်းဒေသကြီး၊ ပြည်နယ်များ၊ ခရိုင်များ၊ မြို့နယ်များတွင် ဗဟိုစာရင်းအင်းအဖွဲ့ရုံးခွဲများ ဖွင့်လှစ်ဆောင်ရွက်ခြင်း၊

(ဆ) ရုံးချုပ်နှင့် တိုင်းဒေသကြီး၊ ပြည်နယ်များ၊ ခရိုင်များ၊ မြို့နယ်များတွင် ဗဟိုစာရင်းအင်းအဖွဲ့ရုံးခွဲများ အကြား စာရင်းအင်းအချက်အလက်ပေးပို့ရန် ကွန်ရက် (Data Communication Network) ချိတ်ဆက်ဆောင်ရွက်ခြင်းနှင့် စုစည်းထိန်းသိမ်းထားရှိခြင်း၊

(ဇ) ဗဟိုစာရင်းအင်းအဖွဲ့က စာရင်းအင်းဆိုင်ရာ အချက်အလက်များကို အီလက်ထရွန်နစ် အချက်အလက်ဝန်ဆောင်မှုစနစ်ထူထောင်ခြင်းနှင့် လျှို့ဝှက်ကိစ္စရပ်မှအပ ထုတ်ပြန်သင့်သည့် စာရင်းအင်းများအား ဖြန့်ဝေခြင်း၊

(ဈ) စာရင်းအင်းများပြုစုရာတွင် စာရင်းအင်းဆိုင်ရာကျွမ်းကျင်မှုနှင့်အရည်အသွေးကိုမြှင့်တင်ရန် သင်ရိုး ညွှန်းတမ်းရေးဆွဲဆောင်ရွက်ခြင်း၊ စာရင်းအင်းနည်းပညာဖွံ့ဖြိုးရေး သင်တန်းများဖွင့်လှစ်ခြင်း၊

(ည) လူမှုစီးပွားအခြေအနေဆိုင်ရာ အညွှန်းကိန်းများနှင့် အထွေထွေစာရင်းအင်းများပြုစုနိုင်ရန် စစ်တမ်းနှင့်သန်းခေါင်စာရင်းများ ကောက်ယူရေးအတွက် ပြင်ဆင်ဆောင်ရွက်စေရန် မြန်မာနိုင်ငံ အမျိုးသားစာရင်းအင်းစနစ်တွင် ပါဝင်ကြသော အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ခြင်း၊

(ဋ) တရားဝင်စာရင်းအင်းများနှင့်သက်ဆိုင်သည့် စာရင်းအင်းလုပ်ငန်းစဉ်များကို ပြည်ထောင်စုအဆင့်၊ နေပြည်တော်ကောင်စီနယ်မြေ အပါအဝင် တိုင်းဒေသကြီး၊ ပြည်နယ်အဆင့်ရှိ အမျိုးသားစာရင်း အင်းစနစ်တွင် ပါဝင်ပတ်သက်သူများနှင့် ပူးပေါင်းဆောင်ရွက်ခြင်း၊

(ဌ) တရားဝင်စာရင်းအင်းများနှင့်သက်ဆိုင်သော လုပ်ငန်းအစီအစဉ်၏ စာရင်းအင်းအချက်အလက် ဖြန့်ဝေခြင်း၊ စီမံချက်နှင့်အညီ စာရင်းအင်းအချက်အလက်များအားလုံးကို သတင်းကဏ္ဍမျိုးစုံမှ တစ်ဆင့် ဖြန့်ဝေခြင်းတို့ကို ဝန်ကြီးဌာနများ၊ အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ခြင်း၊

(ဍ) မြန်မာအမျိုးသားစာရင်းအင်းစနစ်တွင် ပါဝင်သော အချက်အလက်များအား နည်းလမ်းတကျဖြင့် ခွဲခြမ်းစိတ်ဖြာသုံးသပ်သော ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ သုတေသနများဆောင်ရွက်ခြင်း၊ စာရင်းအင်း ထုတ်ပြန်မှု အရည်အသွေးကို အကဲဖြတ်ခြင်း၊ လေ့လာစိစစ်ခြင်းနှင့် ပြန်လည်သုံးသပ်ခြင်း၊

(ဎ) စာရင်းအင်းဆိုင်ရာကိစ္စရပ်များ ဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် ခေတ်နှင့်လျော်ညီသည့် လိုအပ်ချက်အပေါ် မူတည်၍ အကောင်အထည်ဖော်ဆောင်ရွက်ခြင်း၊

(ဏ) ဗဟိုစာရင်းအင်းအဖွဲ့၏လုပ်ငန်းတာဝန်များကိုလိုအပ်ပါက နည်းဥပဒေအဖြစ်ထုတ်ပြန်ဖော်ပြ နိုင်သည်။

## အခန်း (၆)

## ကဏ္ဍအလိုက် စာရင်းအင်းများ

၇။ သက်ဆိုင်ရာဝန်ကြီးဌာနများသည် အမျိုးသားစာရင်းအင်းစနစ် အကောင်အထည်ဖော်ဆောင်ရာတွင် အဓိကပါဝင်ပတ်သက်သူများ (Main Stakeholders) အဖြစ် ဆောင်ရွက်ရမည်။

၈။ ဝန်ကြီးဌာနများသည် သက်ဆိုင်ရာကဏ္ဍအလိုက် စာရင်းအင်းများကို ပြုစုရမည့်အပြင် တည်ဆဲဥပဒေများ၌ သတ်မှတ်ဖော်ပြထားသော သီးခြားညွှန်ကြားချက်များအရ သန်းခေါင်စာရင်းများ၊ စစ်တမ်းများ၊ အုပ်ချုပ်မှုဆိုင်ရာမှတ်တမ်းများထားရှိမှုစနစ်များမှ ကဏ္ဍအလိုက် အချက်အလက်များကို ကောက်ယူစုဆောင်းရမည်။ တရားဝင်စာရင်းအင်းများကို အဆိုပါအချက်အလက်ရင်းမြစ်များမှ ထုတ်နုတ်ရမည်။

၉။ ဝန်ကြီးဌာနများသည် စာရင်းအင်းအချက်အလက်မှန်ကန်ရေးနှင့် အရည်အသွေးပြည့်ဝရေး ကော်မတီမှ အတည်ပြုထားသော တရားဝင်စာရင်းအင်းများနှင့် သက်ဆိုင်သော လုပ်ငန်းစဉ်နှင့်အညီ ဗဟိုစာရင်းအင်းအဖွဲ့နှင့်အတူ အရည်အသွေးပြည့်ဝသော သက်ဆိုင်ရာ စာရင်းအင်းများကို ပြုစုခြင်းနှင့် ဖြန့်ဝေခြင်းတို့တွင် ပူးပေါင်းဆောင်ရွက်ရမည်။

၁၀။ ဤဥပဒေပါ လုပ်ငန်းများအတွက် မြန်မာနိုင်ငံအမျိုးသားစာရင်းအင်းစနစ်အတွင်း အချက်အလက်ပြုစုထုတ်ပြန်ရာတွင် အချိန်ကာလစည်းကမ်းသတ်မှတ်ချက် (Time Frame)၊ အဓိပ္ပာယ်ဖော်ပြချက်များ၊ စာရင်းအင်းဆိုင်ရာ နည်းလမ်းများ (Methodology)၊ အချက်အလက်ကောက်ယူမည့် နမူနာပုံစံများ (Templates) စသည့် စာရင်းအင်းဆိုင်ရာ အချက်အလက်ကောက်ယူ စုဆောင်းခြင်းနှင့်သက်ဆိုင်သော ကိစ္စရပ်များအတွက် စီမံချက်နှင့်အတူ စာရင်းအင်းဆိုင်ရာ အကြီးအမှူး၏ ကြိုတင်ခွင့်ပြုချက်ရယူရမည်။

၁၁။ စာရင်းအင်းပြုစုထုတ်ပြန်သူများနှင့် စာရင်းအင်းဆိုင်ရာအကြီးအမှူးတို့အကြား သဘောတူညီချက်ကို လိုက်နာရန်ပျက်ကွက်ပါက ၎င်းစီမံချက်အပေါ် စာရင်းအင်းဆိုင်ရာ အကြီးအမှူး၏ အတည်ပြုချက်အား ပြန်လည်ရုပ်သိမ်းနိုင်သည်။

## အခန်း (၇)

## ကော်မတီဖွဲ့စည်းခြင်းနှင့် အဓိကတာဝန်များ

၁၂။ ပြည်ထောင်စုအစိုးရအဖွဲ့သည် -

(က) စာရင်းအင်းအချက်အလက်မှန်ကန်ရေးနှင့် အရည်အသွေးပြည့်ဝရေးဗဟိုကော်မတီနှင့်လုပ်ငန်းကော်မတီကို ဖွဲ့စည်းရမည် -

| | | |
|---|---|---|
| (၁) | ဒုတိယသမ္မတ | နာယက |
| (၂) | ပြည်ထောင်စုဝန်ကြီး<br>အမျိုးသားစီမံကိန်းနှင့်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန | ဥက္ကဋ္ဌ |
| (၃) | ပြည်ထောင်စုဝန်ကြီး<br>သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန | ဒုတိယဥက္ကဋ္ဌ |
| (၄) | သက်ဆိုင်ရာဝန်ကြီးဌာနမှ ဒုတိယဝန်ကြီး (၁၅) ဦး | အဖွဲ့ဝင် |
| (၅) | ဒုတိယစာရင်းစစ်ချုပ် | အဖွဲ့ဝင် |
| (၆) | ဝန်ကြီးများ<br>စီမံကိန်းနှင့်စီးပွားရေးဝန်ကြီးဌာန<br>တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့အားလုံး | အဖွဲ့ဝင် |
| (၇) | ဒုတိယဝန်ကြီး<br>အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန | အတွင်းရေးမှူး |

(ခ) တိုင်းဒေသကြီးအစိုးရ၊ ပြည်နယ်အစိုးရအဖွဲ့တို့သည် သက်ဆိုင်ရာတိုင်းဒေသကြီး၊ ပြည်နယ် စာရင်းအင်းအချက်အလက်မှန်ကန်ရေးနှင့် အရည်အသွေးပြည့်ဝရေးကော်မတီကို ဖွဲ့စည်းရမည်။

(ဂ) ပုဒ်မခွဲ (က) နှင့် (ခ) အရ ဖွဲ့စည်းထားသော ကော်မတီများ၏ လုပ်ငန်းတာဝန်များကို သတ်မှတ်၍ နည်းဥပဒေတွင် ထည့်သွင်းဖော်ပြနိုင်သည်။

၁၃။ စာရင်းအင်းအချက်အလက်မှန်ကန်ရေးနှင့်အရည်အသွေးပြည့်ဝရေး ဗဟိုကော်မတီကချမှတ်ထားသော စာရင်းအင်းဆိုင်ရာမူဝါဒများကို ဗဟိုစာရင်းအင်းအဖွဲ့၊ ပြည်ထောင်စုနယ်မြေအပါအဝင် တိုင်းဒေသကြီး၊

ပြည်နယ်အစိုးရ၊ အစိုးရဌာနများ၊ အဖွဲ့အစည်းများ၊ ပုဂ္ဂိုလ်တစ်ဦးချင်း၊ အိမ်ထောင်စု၊ သမဝါယမ၊ ဖက်စပ်လုပ်ငန်း၊ ကော်ပိုရေးရှင်း၊ ကုမ္ပဏီ အပါအဝင်ပုဂ္ဂလိကစီးပွားရေးအဖွဲ့အစည်းများတို့မှ အကောင်အထည်ဖော်ဆောင်ရွက်ရမည်။

၁၄။ တိုင်းဒေသကြီးပြည်နယ်များနှင့် ပြည်ထောင်စုနယ်မြေတို့အကြား ထိရောက်သောစာရင်းအင်းဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုများ ပေါ်ထွန်းလာစေရေးအတွက် တိုင်းဒေသကြီး ပြည်နယ်စာရင်းအင်းအချက်အလက် မှန်ကန်ရေးနှင့် အရည်အသွေးပြည့်ဝရေးကော်မတီများသည် သက်ဆိုင်ရာတိုင်းဒေသကြီး၊ ပြည်နယ်၊ ခရိုင်များ၊ မြို့နယ်များ၊ ရပ်ကွက်နှင့်ကျေးရွာအုပ်စုများတွင် စာရင်းအင်းဆိုင်ရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ ဆောင်ရွက်ရန် အခွင့်အာဏာပေးအပ်ထားရမည်။

၁၅။ ဗဟိုစာရင်းအင်းအဖွဲ့သည် ဘဏ္ဍာရေးခွင့်ပြုချက်ရှိခဲ့လျှင် ပြည်ထောင်စုနယ်မြေအပါအဝင် တိုင်းဒေသကြီးနှင့် ပြည်နယ်များ၏ စာရင်းအင်းဆိုင်ရာ လုပ်ငန်းစဉ်များနှင့် စပ်လျဉ်း၍ လိုအပ်သလို ထောက်ပံ့ပေးရမည်။

၁၆။ ပြည်ထောင်စုနယ်မြေအပါအဝင် တိုင်းဒေသကြီးနှင့် ပြည်နယ်တစ်ခုခုသည် ပြည်ထောင်စုအစိုးရ၏ လက်ရှိစာရင်းအင်းဆိုင်ရာ ဆောင်ရွက်မှုများမှ လိုအပ်သော အချက်အလက်များကို ရရှိနိုင်ခြင်းမရှိခဲ့လျှင် မိမိဒေသဆိုင်ရာအဆင့်မှ စာရင်းအင်းများကိုရယူ၍ လုပ်ငန်းများဆောင်ရွက်နိုင်သည်။ သို့ရာတွင် တိုင်းဒေသကြီး၊ ပြည်နယ်အဆင့် စာရင်းအင်းအချက်အလက်မှန်ကန်ရေးနှင့် အရည်အသွေးပြည့်ဝရေး ကော်မတီ၏ အတည်ပြုချက်ဖြင့်သာလျှင် ဆောင်ရွက်ရမည်။

## အခန်း (၈)

## စာရင်းအင်းဆိုင်ရာအချက်အလက်များအား ကောက်ယူစုဆောင်းခြင်း

၁၇။ စာရင်းအင်းဆိုင်ရာ အကြီးအမှူးသည် ဗဟိုစာရင်းအင်းအဖွဲ့၏အရာထမ်း၊ အမှုထမ်းများ သို့မဟုတ် မြန်မာနိုင်ငံအမျိုးသားစာရင်းအင်းစနစ်ရှိ စာရင်းအင်းပြုစုထုတ်ပြန်သူများမှတစ်ဆင့် သန်းခေါင်စာရင်း သို့မဟုတ် စစ်တမ်းနှင့်စပ်လျဉ်း၍ တစ်ဦးချင်းဖြစ်စေ၊ အဖွဲ့လိုက်ဖြစ်စေပါဝင်ဆောင်ရွက်ရန်ညွှန်ကြားနိုင်သည်။

၁၈။ သန်းခေါင်စာရင်းနှင့်စစ်တမ်းများအတွက် မေးခွန်းဖြေကြားသူသည် စာရင်းအင်းဆိုင်ရာလုပ်ငန်းစဉ်များအတွက် အချိန်ကာလနှင့်လိုက်လျောညီသည့် တိကျပြည့်စုံသော စာရင်းအင်းဆိုင်ရာအချက်အလက်များကို သတ်မှတ်သည့်အချိန်ကာလအတွင်း ရရှိနိုင်ခြင်းမရှိပါက အနီးစပ်ဆုံး ခန့်မှန်းခြေစာရင်းအင်းဆိုင်ရာ အချက်အလက်များကို ပံ့ပိုးပေးအပ်ရမည်။

၁၉။ စာရင်းအင်းဆိုင်ရာအကြီးအမှူး သို့မဟုတ် ၎င်းကတာဝန်ပေးအပ်ခြင်းခံရသူတစ်ဦးဦးသည် စစ်တမ်းနှင့် သန်းခေါင်စာရင်းများ ဆောင်ရွက်နိုင်ရန် အစိုးရဌာန အဖွဲ့အစည်းများရှိ သက်ဆိုင်ရာမှတ်တမ်းများ သို့မဟုတ် စာရွက်စာတမ်းများကို ရယူခွင့်ရှိသည့်အပြင် စာရင်းအင်းဆိုင်ရာကိစ္စရပ်များအတွက် ဤဥပဒေအရလိုအပ်သည့် စာရင်းအင်းဆိုင်ရာ အချက်အလက်တစ်ခုခုအားရရှိရန် လိုအပ်သော မေးခွန်းများကို မေးမြန်းခွင့်ရှိသည်။

၂၀။ အစိုးရဌာနများ၊ အစိုးရအဖွဲ့အစည်းများသည် ဤဥပဒေပါကိစ္စရပ်များအလို့ငှာ စာရင်းအင်းဆိုင်ရာ လုပ်ငန်းများ ဆောင်ရွက်နိုင်ရန် သက်ဆိုင်ရာဝန်ကြီးဌာနများက ထိန်းသိမ်းထားသည့် အုပ်ချုပ်မှုဆိုင်ရာ မှတ်တမ်းများ (Administrative Records) မှ ရယူလိုသော စာရင်းအင်းဆိုင်ရာ အချက်အလက်များအတွက် စာရင်းအင်းဆိုင်ရာ အကြီးအမှူး သို့မဟုတ် ၎င်းက တာဝန်ပေးအပ်ခြင်းခံရသူတစ်ဦးဦးက တောင်းဆိုသည့် အချက်များကို ဆောင်ရွက်ပေးရမည်။

၂၁။ စာရင်းအင်းဆိုင်ရာအကြီးအမှူး သို့မဟုတ် ၎င်းကတာဝန်ပေးအပ်ခြင်းခံရသူတစ်ဦးဦးသည် ဝင်ငွေခွန်နှင့် ကုန်သွယ်လုပ်ငန်းခွန်ဥပဒေအရ ဘဏ္ဍာရေးဝန်ကြီးဌာနက ထိန်းသိမ်းထားသည့် သက်သေခံလက်မှတ်များ၊ တင်ပြချက်များ၊ နှစ်စဉ် အစီရင်ခံစာများနှင့်မှတ်တမ်းများကို စာရင်းအင်းဆိုင်ရာ ကိစ္စရပ်များအတွက် ရယူပိုင်ခွင့်ရှိသည်။

၂၂။ စာရင်းအင်းဆိုင်ရာ အကြီးအမှူး သို့မဟုတ် ၎င်းမှတာဝန်ပေးအပ်ခြင်းခံရသူတစ်ဦးဦးသည် စာရင်းအင်းဆိုင်ရာလုပ်ငန်းစဉ်များအတွက် ကန့်သတ်ထားသောသတင်းအချက်အလက်များကိုတောင်းဆိုရယူခွင့်ရှိရမည်။

## အခန်း (၉)
## စာရင်းအင်းဆိုင်ရာအချက်အလက်များအတွက် မေးခွန်းဖြေကြားသူများ၏ အခွင့်အရေး

၂၃။ မေးခွန်းဖြေကြားသူသည် မြန်မာနိုင်ငံအမျိုးသားစာရင်းအင်းစနစ်အရ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်း၊ အစိုးရမဟုတ်သောအဖွဲ့အစည်းတစ်ရပ်ရပ်က ဆောင်ရွက်ထားရှိရမည့်စစ်တမ်းနှင့် သန်းခေါင်စာရင်းတစ်ရပ်ရပ်အတွက် ယင်းထုတ်ဖော်ပြောဆိုထားသော လျှို့ဝှက်ထိန်းသိမ်းထားရှိရမည့် ပုဂ္ဂိုလ်ရေးရာအချက်အလက်များကို သက်ဆိုင်ရာစာရင်းအင်းကောက်ယူသည့်ဌာနသို့ တောင်းဆိုခွင့်ရှိသည်။

၂၄။ မေးခွန်းဖြေကြားသူသည် စာရင်းကောက်ယူခြင်းနှင့်စပ်လျဉ်း၍ အောက်ပါတို့ကို သိပိုင်ခွင့်ရှိသည်-

(က) အချက်အလက်ကောက်ယူစုဆောင်းခြင်း၏ ရည်ရွယ်ချက်၊ ကောက်ယူသည့်အချက်အလက်များအား အသုံးပြုခြင်း ယင်းဖြေဆိုရမည့်မေးခွန်းအသုံးပြုခြင်းတို့တွင် မေးခွန်းဖြေကြားသူက ဖြေဆိုရန်တာဝန်ရှိသော မေးခွန်းများ၊

(ခ) ကောက်ယူစုဆောင်းရရှိသောအချက်အလက်များကို လျှို့ဝှက်အဆင့်ဖြင့်ထိန်းသိမ်းထားခြင်းအပါအဝင် မှတ်တမ်းတင်ထားမည့်လုပ်ထုံးလုပ်နည်းများနှင့်ပြုစုမည့်စာရင်းအင်းများကို ထုတ်ပြန်မည့်အချိန်ဇယား၊

(ဂ) စာရင်းအင်းဆိုင်ရာ လုပ်ငန်းစဉ်များနှင့် စပ်လျဉ်း၍ အခြားသက်ဆိုင်သော စာရင်းအင်းအချက်အလက်များ။

## အခန်း (၁၀)
## စာရင်းအင်းဆိုင်ရာအချက်အလက်များ ပံ့ပိုးပေးအပ်ရန်တာဝန်

၂၅။ ပုဂ္ဂိုလ်တစ်ဦးဦးဖြစ်စေ၊ ပုဂ္ဂလိကအဖွဲ့အစည်း၊ စီးပွားရေးလုပ်ငန်း၊ အစိုးရဌာန၊ အဖွဲ့အစည်း သို့မဟုတ် အခြားစီးပွားရေးကိုယ်စားလှယ်များသည် ဗဟိုစာရင်းအင်းအဖွဲ့၏ စာရင်းအင်းဆိုင်ရာလုပ်ငန်းစဉ်တစ်ရပ်ရပ်အတွက်သော်လည်းကောင်း၊ ဤဥပဒေတွင် သတ်မှတ်ဖော်ပြထားသည့် မြန်မာနိုင်ငံအမျိုးသားစာရင်းအင်းစနစ်အတွင်းမှ အချက်အလက်ဆိုင်ရာ အခြားလုပ်ထုံးလုပ်နည်းများအတွက်သော်လည်းကောင်း ပြည့်စုံမှန်ကန်သော စာရင်းအင်းဆိုင်ရာ အချက်အလက်များကို အချိန်မီအခမဲ့ ပံ့ပိုးပေးအပ်ရန် တာဝန်ရှိသည်။

၂၆။ လူဦးရေနှင့် အိမ်ထောင်စုသန်းခေါင်စာရင်းမှတစ်ပါး အခြားဖြေဆိုသည့် စာရင်းအင်းဆိုင်ရာအချက်အလက်များသည် မေးခွန်းဖြေဆိုသူ၏အကျိုးအား ထိခိုက်စေနိုင်လျှင် ထိုသူအားစာရင်းအင်းဆိုင်ရာအချက်အလက်ပံ့ပိုးပေးအပ်ဖြေဆိုရန် တာဝန်ရှိခြင်းမှ အပြည့်အဝကိုဖြစ်စေ၊ တစ်စိတ်တစ်ဒေသကိုဖြစ်စေ လိုအပ်ပါက ကင်းလွတ်ခွင့်ပြုနိုင်သည်။

## အခန်း (၁၁)
## တရားဝင်စာရင်းအင်းများအား ထုတ်ပြန်ခြင်း

၂၇။ ဗဟိုစာရင်းအင်းအဖွဲ့နှင့် အချက်အလက်ပြုစု ထုတ်ပြန်သူများသည် အချက်အလက်အသုံးပြုသူများလိုအပ်သော တရားဝင်စာရင်းအင်းများနှင့်စပ်လျဉ်း၍ ပုံနှိပ်ထုတ်ဝေမည့် အမျိုးအစား၊ ပုံစံနှင့်နေ့ရက်တို့ကိုကြိုတင်ထုတ်ဝေသည့် လုပ်ငန်းအချိန်ဇယားတွင် ထည့်သွင်းဖော်ပြရမည်ဖြစ်ပြီး ဇယားပါ ရည်ရွယ်ချက်များ၊ လုပ်ထုံးလုပ်နည်းများအတိုင်း နှောင့်နှေးကြန့်ကြာမှုမရှိစေဘဲ လိုအပ်သည့် စာရင်းအင်းအချက်အလက်များကို ထုတ်ပြန်ရမည်။

၂၈။ ဗဟိုစာရင်းအင်းအဖွဲ့နှင့် အချက်အလက်ပြုစု ထုတ်ပြန်သူများသည် သီးခြားဇယားများပြုစုခြင်း၊ သန်းခေါင်စာရင်းနှင့် စစ်တမ်းများအတွက် အသေးစိတ်အချက်အလက်များ ထုတ်ပြန်ခြင်းအပါအဝင် စာရင်းအင်းဆိုင်ရာလုပ်ငန်းများကို ဆောင်ရွက်ရမည်။

၂၉။ တရားဝင်စာရင်းအင်းများ ထုတ်ပြန်နိုင်ရန် မြန်မာနိုင်ငံ အမျိုးသားစာရင်းအင်းစနစ်ရှိ အချက်အလက် ပြုစုထုတ်ပြန်သူများက သင့်လျော်သည့် သတင်းမီဒီယာများကို အသုံးပြုနိုင်သည်။

၃၀။ ဗဟိုစာရင်းအင်းအဖွဲ့သည် အမျိုးသားစာရင်းအင်းဆိုင်ရာ အချက်အလက်များသိုမှီးရာဌာနအား တိုးတက်ကောင်းမွန်စေရန်၊ ပြုပြင်ထိန်းသိမ်းရန်၊ အများပြည်သူ ရယူအသုံးပြုခွင့်ရရှိစေရန်၊ ထိန်းသိမ်း စောင့်ရှောက်ရန်တို့အတွက် တာဝန်ရှိသည်။

၃၁။ အချက်အလက်ထုတ်ပြန်ခြင်းဆိုင်ရာ မူဝါဒနှင့်အညီ စာရင်းအင်းပြုစုထုတ်ပြန်သူများသည် လျှို့ဝှက် ထိန်းသိမ်းသင့်သည့်အချက်အလက်များမှအပ သုံးစွဲလိုသူများထံ အဖိုးအခတစ်စုံတစ်ရာဖြင့်သုံးစွဲခွင့်ပြုနိုင်သည်။

## အခန်း (၁၂)
## တားမြစ်ချက်များ

၃၂။ စာရင်းအင်းဆိုင်ရာအကြီးအမှူး၊ ဗဟိုစာရင်းအင်းအဖွဲ့မှ ဝန်ထမ်းများနှင့် စာရင်းအင်းအချက်အလက် ပြုစုထုတ်ပြန်သူမည်သူမျှ စာရင်းအင်းဆိုင်ရာ လုပ်ငန်းစဉ်တစ်ရပ်ရပ်အတွက် မေးခွန်းဖြေကြားသူများထံမှ ရရှိသော လျှို့ဝှက်ထိန်းသိမ်းရမည့် အချက်အလက်ကို လျှို့ဝှက်ထိန်းသိမ်းထားရှိရန် ပျက်ကွက်ခြင်းမရှိစေရ။

၃၃။ ဗဟိုစာရင်းအင်းအဖွဲ့ သို့မဟုတ် အစိုးရအဖွဲ့အစည်းတစ်ရပ်ရပ်၏ လက်ဝယ်ရှိ စာရင်းအင်းဆိုင်ရာ လုပ်ငန်းစဉ်တစ်ရပ်ရပ်အတွက် ပြုလုပ်ထားသော ပုဂ္ဂိုလ်တစ်ဦးချင်း၊ အိမ်ထောင်စုနှင့်အဖွဲ့အစည်းတစ်ခုခုနှင့် စပ်လျဉ်းသော စာရွက်စာတမ်းဖြင့်ဖြစ်စေ၊ အီလက်ထရွန်နစ်ပုံစံဖြင့်ဖြစ်စေ ပြုစုထားသည့် အများပြည်သူ ဆိုင်ရာ မှတ်ပုံတင်မှုအချက်အလက်သိုမှီးရာဌာန သို့မဟုတ် မေးဖွားကြောင်းကြေညာချက်ပုံစံစသည့် အုပ်ချုပ်မှု ဆိုင်ရာမှတ်တမ်းရှိ မည်သည့်အချက်အလက်ကိုမျှ သက်ဆိုင်ရာပုဂ္ဂိုလ်၊ အိမ်ထောင်စုနှင့် အဖွဲ့အစည်း၏ သဘောတူညီကြောင်းစာဖြင့် ကြိုတင်ခွင့်ပြုချက်မရရှိဘဲ ထုတ်ဖော်ပြောဆိုခြင်းမပြုရ။

၃၄။ ဗဟိုစာရင်းအင်းအဖွဲ့ သို့မဟုတ် အချက်အလက်ပြုစုထုတ်ပြန်သူသည် နမူနာစစ်တမ်းနှင့် သန်းခေါင် စာရင်းများမှ သတင်းအချက်အလက်များကို စာရင်းအင်းဆိုင်ရာ အကျဉ်းချုပ်များ သို့မဟုတ် စာရင်းအင်း ဆိုင်ရာ ဇယားများအနေဖြင့်သာလျှင်ထုတ်ပြန်ရမည်။ ယင်းထုတ်ပြန်ချက်တွင် ပုဂ္ဂိုလ်တစ်ဦးဦး၊ ကော်ပိုရေးရှင်း၊ အသင်းအဖွဲ့၊ ဖက်စပ်လုပ်ငန်း၊ စီးပွားရေးအဖွဲ့အစည်း သို့မဟုတ် လုပ်ငန်းများကို ဖော်ပြခြင်းမပြုရ။

၃၅။ အမျိုးသားစာရင်းအင်းစနစ်တွင်ပါဝင်သော ဗဟိုစာရင်းအင်းအဖွဲ့ သို့မဟုတ် အချက်အလက်ပြုစု ထုတ်ပြန်သူများသည် သုတေသနလုပ်ငန်းအတွက် ပြုစုသော စာရင်းအင်းဆိုင်ရာမေးမြန်းချက်များ သို့မဟုတ် စစ်တမ်းအတွက် မေးခွန်းများမှ အသေးစိတ် အချက်အလက်များကို ပြုစုဆောင်ရွက်နိုင်သည်။ သို့ရာတွင် ပုဂ္ဂိုလ်တစ်ဦးချင်း၊ ကော်ပိုရေးရှင်း၊ အဖွဲ့အစည်း၊ ဖက်စပ်လုပ်ငန်း၊ စီးပွားရေးလုပ်ငန်း သို့မဟုတ် အဖွဲ့အစည်း များ၏ ပုဂ္ဂိုလ်ရေးဆိုင်ရာ အချက်အလက်များကို မည်သည့်အကြောင်းနှင့်မျှ ထုတ်ဖော်ပြောဆိုခြင်း သို့မဟုတ် အပေးအယူ ပြုလုပ်ခြင်းမပြုရ။

၃၆။ ဤဥပဒေအရသော်လည်းကောင်း၊ ပြစ်မှုဆိုင်ရာဥပဒေအရသော်လည်းကောင်း တရားစွဲဆိုဆောင်ရွက် သည့် ကိစ္စရပ်မှတစ်ပါး ဤဥပဒေအရ အချက်အလက်များ ကောက်ယူစုဆောင်းခြင်း၊ ပြုစုခြင်းနှင့် တရားဝင် စာရင်းအင်းများကို ခွဲခြမ်းစိတ်ဖြာသုံးသပ်ခြင်းလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်ခြင်းမရှိသော မည်သူတစ်ဦး တစ်ယောက်ကိုမျှ ပုဂ္ဂိုလ်တစ်ဦးချင်း၊ ကော်ပိုရေးရှင်း၊ အဖွဲ့အစည်း၊ ဖက်စပ်လုပ်ငန်း၊ စီးပွားရေးလုပ်ငန်း သို့မဟုတ် အဖွဲ့အစည်းများနှင့်စပ်လျဉ်းသော သတင်းအချက်အလက်တစ်စုံတစ်ရာကို ကြည့်ရှုခွင့်မပြုရ။

၃၇။ မည်သူမျှ အောက်ပါပြုလုပ်မှုတစ်ခုခုကို ကျူးလွန်ခြင်းမပြုရ -

(က) ဤဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ ကောက်ယူစုဆောင်းသည့်စာရင်းအင်းအချက်အလက်များကို ပံ့ပိုးပေးအပ်ရန် လုံလောက်သော အကြောင်းပြချက်မရှိဘဲ ပျက်ကွက်ခြင်း သို့မဟုတ် ငြင်းဆိုခြင်း၊

(ခ) တမင် ရည်ရွယ်ချက်ဖြင့် မမှန်ကန်သော စာရင်းအင်းအချက်အလက်များကို ပေးအပ်ခြင်း၊

(ဂ) စာရင်းအင်းအချက်အလက်များကို ကောက်ယူစုဆောင်းသူတစ်ဦးဦးက ဤဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ စာရင်းအင်းအချက်အလက်များ ကောက်ယူစုဆောင်းခြင်းကို နှောင့်ယှက်ခြင်း သို့မဟုတ် ဟန့်တားခြင်း။

## အခန်း (၁၃)
## ပြစ်မှုနှင့်ပြစ်ဒဏ်များ

၃၈။ စာရင်းအင်းဆိုင်ရာအကြီးအမှူး၊ ဗဟိုစာရင်းအင်းအဖွဲ့မှ ဝန်ထမ်းများနှင့် စာရင်းအင်းပြုစုထုတ်ပြန်သူ မည်သူမဆို ပုဒ်မ ၃၂ ပါ တားမြစ်ချက်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို ခြောက်လထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ကျပ်နှစ်သိန်းထက်မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

၃၉။ ဗဟိုစာရင်းအင်းအဖွဲ့၊ အစိုးရအဖွဲ့အစည်းတစ်ရပ်ရပ်နှင့် စာရင်းအင်းပြုစုထုတ်ပြန်သူ မည်သူမဆို ပုဒ်မ ၃၃၊ ပုဒ်မ ၃၄၊ ပုဒ်မ ၃၅ နှင့် ပုဒ်မ ၃၆ တို့ပါ တားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို ကျပ်တစ်သိန်းထက်မပိုသော ငွေဒဏ်ချမှတ်ရမည်။

၄၀။ မည်သူမဆို ပုဒ်မ ၃၇ ပါ တားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ပုဂ္ဂိုလ်တစ်ဦးချင်း သို့မဟုတ် အိမ်ထောင်စုဖြစ်ပါက ကျပ်ငါးသောင်းထက်မပိုသော ငွေဒဏ်ကိုလည်းကောင်း၊ စီးပွားရေးလုပ်ငန်း၊ ကုမ္ပဏီ သို့မဟုတ် ကော်ပိုရေးရှင်းဖြစ်ပါက ကျပ်တစ်သိန်းငါးသောင်းထက်မပိုသော ငွေဒဏ်ကိုလည်းကောင်း ချမှတ်ရမည်။

၄၁။ မည်သူမဆို ပုဒ်မ ၄၀ အရ ပြစ်မှုထင်ရှားစီရင်ခြင်းခံရပြီးနောက် ပုဒ်မ ၃၇၊ ပုဒ်မခွဲ (က) ပါ တားမြစ်ချက်ကို ဆက်လက်ဖောက်ဖျက်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို ဆက်လက်၍ ပျက်ကွက်သည့် နေ့အသီးသီးအတွက် တစ်ရက်လျှင် ကျပ်ငါးထောင်ထက်မပိုသော ငွေဒဏ်ကို ချမှတ်ရမည်။

## အခန်း (၁၄)
## အထွေထွေ

၄၂။ ဤဥပဒေအရစာရင်းအင်းဆိုင်ရာကိစ္စရပ်များအတွက် အချက်အလက်များပံ့ပိုးပေးအပ်ရန်တာဝန်ရှိသူသည် အသင်းအဖွဲ့ သို့မဟုတ် အဖွဲ့အစည်း သို့မဟုတ် စီးပွားရေးလုပ်ငန်း သို့မဟုတ် ကုမ္ပဏီတစ်ခုခုဖြစ်လျှင် အဆိုပါ အသင်းအဖွဲ့၏ အဖွဲ့ဝင်တစ်ဦးချင်းစီ သို့မဟုတ် အဖွဲ့အစည်းကို ဦးဆောင်သောအဖွဲ့တွင်ပါဝင်သူတစ်ဦးချင်းစီ သို့မဟုတ် စီးပွားရေးလုပ်ငန်းတွင်ပါဝင်သူတစ်ဦးချင်းစီ သို့မဟုတ် ကုမ္ပဏီဒါရိုက်တာ သို့မဟုတ် အစုရှယ်ယာရှင် တစ်ဦးချင်းစီတွင် တာဝန်ရှိသည်ဟုမှတ်ယူရမည်။ သို့ရာတွင် အသင်းအဖွဲ့ သို့မဟုတ် အဖွဲ့အစည်း သို့မဟုတ် စီးပွားရေးလုပ်ငန်း သို့မဟုတ် ကုမ္ပဏီတစ်ခုခုသည် ယင်း၏ကိုယ်စား ဤဥပဒေပါ စာရင်းအင်းဆိုင်ရာ ကိစ္စရပ်များအတွက် အချက်အလက်များ ပံ့ပိုးပေးမည့်သူအဖြစ် တစ်ဦးတစ်ယောက်၏ အမည်စာရင်းကို စာရင်းအင်းဆိုင်ရာအကြီးအမှူး (Chief Statistician) ထံ သတ်မှတ်ချက်များနှင့်အညီ ပေးပို့ထားလျှင် ထိုသို့ အမည်စာရင်း တင်သွင်းခံရသူတွင်သာ တာဝန်ရှိစေရမည်။

၄၃။ ပုဒ်မ ၃၅ အရ တရားစွဲဆိုရာတွင် စာရင်းအင်းဆိုင်ရာ အကြီးအမှူး၏ ကြိုတင်ခွင့်ပြုမိန့်မရရှိဘဲ တရားစွဲဆိုခြင်းမပြုရ။

၄၄။ ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် -

(က) အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာနသည် လိုအပ်သော နည်းဥပဒေ၊ စည်းမျဉ်းနှင့်စည်းကမ်းများကို ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့်ထုတ်ပြန်နိုင်သည်။

(ခ) အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာနနှင့် ဗဟိုစာရင်းအင်းအဖွဲ့တို့သည် အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်နိုင်သည်။

၄၅။ ၁၉၅၂ ခုနှစ်၊ ဗဟိုစာရင်းစစ်တမ်းကောက်ယူရေး အာဏာပိုင်အက်ဥပဒေ (အက်ဥပဒေအမှတ် ၃၄/ ၁၉၅၂) ကို ဤဥပဒေဖြင့် ရုပ်သိမ်းလိုက်သည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ပြည်ထောင်စုလွှတ်တော်ရုံး**

**အမိန့်ကြော်ငြာစာအမှတ် (၁၃၇/၂၀၁၅)**

၁၃၇၇ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၉ ရက်

( ၂၀၁၅ ခုနှစ်၊ စက်တင်ဘာလ ၈ ရက် )

**မော်တော်ယာဉ်ဥပဒေ ထုတ်ပြန်ကြေညာခြင်း**

နိုင်ငံတော်သမ္မတက အတည်ပြုလက်မှတ်ရေးထိုးသော **မော်တော်ယာဉ်ဥပဒေ** (၂၀၁၅ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ် ၅၅။) အား ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၁၁ အရ ထုတ်ပြန်ကြေညာအပ်ပါသည်။

(ပုံ) ကျော်စိုး၊
ညွှန်ကြားရေးမှူးချုပ်၊
ပြည်ထောင်စုလွှတ်တော်ရုံး။

# မော်တော်ယာဉ် ဥပဒေ

## (၂၀၁၅ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၅၅ ။)

၁၃၇၇ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၈ ရက်

( ၂၀၁၅ ခုနှစ်၊ စက်တင်ဘာလ ၇ ရက် )

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

## အခန်း (၁)

## အမည်နှင့် အဓိပ္ပာယ်ဖော်ပြချက်

၁။ ဤဥပဒေကို မော်တော်ယာဉ်ဥပဒေဟု ခေါ်တွင်စေရမည်။

၂။ ဤဥပဒေတွင်ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည် -

(က) **ဝန်ကြီးဌာန**ဆိုသည်မှာ ပြည်ထောင်စုအစိုးရ၊ ရထားပို့ဆောင်ရေးဝန်ကြီးဌာနကို ဆိုသည်။

(ခ) **ဦးစီးဌာန**ဆိုသည်မှာ ရထားပို့ဆောင်ရေးဝန်ကြီးဌာန၊ ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာနကို ဆိုသည်။

(ဂ) **မော်တော်ယာဉ်**ဆိုသည်မှာ စက်အားကိုဖြစ်စေ၊ လျှပ်စစ်အားကိုဖြစ်စေ၊ အခြားစွမ်းအင်တစ်မျိုးမျိုးကိုဖြစ်စေ အသုံးပြု၍မောင်းနှင်သော ဘီးတပ်ယာဉ်ကို ဆိုသည်။

(ဃ) **နောက်တွဲယာဉ်**ဆိုသည်မှာ မော်တော်ယာဉ်ဖြင့်ဆွဲသည့် ဘီးတပ်ယာဉ်ကို ဆိုသည်။

(င) **လိုင်စင်ထုတ်ပေးသူအရာရှိ**ဆိုသည်မှာ ယာဉ်မောင်းလိုင်စင်နှင့် ယာဉ်အကူလက်မှတ်ထုတ်ပေးရန်၊ ဦးစီးဌာနက အာဏာအပ်နှင်းခြင်းခံရသည့် အရာရှိကို ဆိုသည်။

(စ) **မှတ်ပုံတင်အရာရှိ**ဆိုသည်မှာ မော်တော်ယာဉ်များကိုမှတ်ပုံတင်ရန် ဦးစီးဌာနကအာဏာအပ်နှင်းခြင်းခံရသည့် အရာရှိကို ဆိုသည်။

(ဆ) **မော်တော်ယာဉ်မှတ်ပုံတင်အထောက်အထား**ဆိုသည်မှာ မှတ်ပုံတင်ထားသည့် မော်တော်ယာဉ်၏ အချက်အလက်များပါဝင်သော မော်တော်ယာဉ်မှတ်ပုံတင်ထားသူကို ထုတ်ပေးသည့် မှတ်တမ်းအထောက်အထားကို ဆိုသည်။

(ဇ) **မော်တော်ယာဉ်မှတ်ပုံတင် သက်သေခံလက်မှတ်**ဆိုသည်မှာ မော်တော်ယာဉ်ကို မှတ်ပုံတင်ထားရှိကြောင်းနှင့် အများပြည်သူဆိုင်ရာနေရာတွင် မောင်းနှင်နိုင်ကြောင်း အသိအမှတ်ပြုထုတ်ပေးသော အထောက်အထားသက်သေခံလက်မှတ်ကို ဆိုသည်။

(ဈ) **မော်တော်ယာဉ်မှတ်ပုံတင်သူ**ဆိုသည်မှာ မော်တော်ယာဉ်မှတ်ပုံတင်မှတ်တမ်းတွင် မှတ်ပုံတင်ထားသူအဖြစ် အမည်ဖော်ပြထားသူကို ဆိုသည်။

(ည) **မော်တော်ယာဉ်ပိုင်ရှင်**ဆိုသည်မှာ မော်တော်ယာဉ်မှတ်ပုံတင်မှတ်တမ်းတွင် မှတ်ပုံတင်ထားသူ သို့မဟုတ် မော်တော်ယာဉ်လက်ရှိဖြစ်သူသည် အရွယ်မရောက်သေးသူဖြစ်လျှင် အဆိုပါအရွယ်မရောက်သေးသူ၏ အုပ်ထိန်းသူ သို့မဟုတ် သဘောတူစာချုပ်အရ အဆိုပါမော်တော်ယာဉ်ကို လက်ရှိဖြစ်သူတို့ကို ဆိုသည်။

(ဋ) **မော်တော်ယာဉ်အတွက် တာဝန်ရှိသူ**ဆိုသည်မှာ မော်တော်ယာဉ်မှတ်ပုံတင်သူ သို့မဟုတ် မော်တော်ယာဉ်နှင့်စပ်လျဉ်း၍ ကြီးကြပ်တာဝန်ယူဆောင်ရွက်သူကို ဆိုသည်။

(ဌ) **စီးပွားရေးလုပ်ငန်းသုံး မော်တော်ယာဉ်**ဆိုသည်မှာ လူ သို့မဟုတ် ကုန်စည်ကို အဖိုးအခရယူ၍ သယ်ယူပို့ဆောင်သော မော်တော်ယာဉ်ကို ဆိုသည်။

(ဍ) **မော်တော်ယာဉ်၏ အဓိကအစိတ်အပိုင်း**ဆိုသည်မှာ မော်တော်ယာဉ်၏ ရုပ်သဏ္ဌာန်၊ ကိုယ်ထည်၊ အင်ဂျင်၊ ဂီယာ၊ ဘောင်၊ ဝင်ရိုး၊ မောင်းနှင်တံ အထိုင်စနစ်ကို ဆိုသည်။

(ဎ) **ဝန်တင်အား**ဆိုသည်မှာ မော်တော်ယာဉ်တွင် ဦးစီးဌာနက သတ်မှတ်တင်ဆောင်ခွင့်ပြုသည့် ကုန်အလေးချိန် သို့မဟုတ် ခရီးသည်အရေအတွက် သို့မဟုတ် ကုန်အလေးချိန်နှင့် ခရီးသည် အရေအတွက် စုစုပေါင်းကို ဆိုသည်။

(ဏ) **မော်တော်ယာဉ်စစ်ဆေးခြင်းပုဂ္ဂလိကလုပ်ငန်း**ဆိုသည်မှာ မော်တော်ယာဉ်စစ်ဆေးခြင်းလုပ်ငန်းကို သတ်မှတ်ချက်နှင့်အညီ လုပ်ကိုင်ခွင့်ရရှိသည့် လူပုဂ္ဂိုလ်တစ်ဦးတစ်ယောက် သို့မဟုတ် အဖွဲ့အစည်းက ဆောင်ရွက်သည့်လုပ်ငန်းကို ဆိုသည်။

(တ) **မော်တော်ယာဉ်ရောင်းချခြင်းလုပ်ငန်း**ဆိုသည်မှာ မော်တော်ယာဉ်ကို အရောင်းပြခန်းများဖွင့်လှစ်၍ ဖြစ်စေ၊ သိုလှောင်၍ဖြစ်စေ ရောင်းချခြင်းကို ဆိုသည်။

(ထ) **ယာဉ်စစ်ဆေးချက်သက်သေခံလက်မှတ်**ဆိုသည်မှာ ဦးစီးဌာန၏ ခွင့်ပြုချက်ဖြင့် မော်တော်ယာဉ်ကို စစ်ဆေး၍ မော်တော်ယာဉ် ကြံ့ခိုင်မှုရှိကြောင်း ထုတ်ပေးသော အထောက်အထားသက်သေခံလက်မှတ်ကို ဆိုသည်။

(ဒ) **မော်တော်ယာဉ် မှတ်ပုံတင်နံပါတ်ပြား**ဆိုသည်မှာ မော်တော်ယာဉ်၏ မှတ်ပုံတင်အမှတ်ကို ဖော်ပြလျက် မော်တော်ယာဉ်၏ အရှေ့နှင့်အနောက်တွင် တပ်ဆင်အသုံးပြုရန် ဦးစီးဌာနက ထုတ်ပေးထားသော နံပါတ်ပြားကို ဆိုသည်။

(ဓ) **အများပြည်သူဆိုင်ရာနေရာ**ဆိုသည်မှာ အများပြည်သူတို့ ဝင်ထွက်သွားလာခွင့်ရှိသော နေရာ၊ လမ်းနယ်၊ လမ်းမကြီး၊ လမ်းသွယ်နှင့်လမ်းကြောင်းတို့ကို ဆိုသည်။

(န) **လမ်းညွှန်း၊ လမ်းအမှတ်အသားနှင့် အချက်ပြများ**ဆိုသည်မှာ မော်တော်ယာဉ်မောင်းသူများ အပါအဝင် လမ်းအသုံးပြုသူများ အန္တရာယ်ကင်းရှင်းစွာ သွားလာနိုင်ရေးအတွက် အချက်ပြအညွှန်း၊ အမှတ်အသားနှင့် အချက်ပြကိရိယာများကို ဆိုသည်။

(ပ) **ယာဉ်မောင်းလိုင်စင်**ဆိုသည်မှာ လိုင်စင်ထုတ်ပေးသူအရာရှိက သီးခြားဖော်ပြထားသူအား မော်တော်ယာဉ်ကိုဖြစ်စေ၊ သီးခြားဖော်ပြထားသည့် အတန်းအစား သို့မဟုတ် အမျိုးအစားတစ်ခုခုတွင် ပါဝင်သော မော်တော်ယာဉ်ကိုဖြစ်စေ မောင်းနှင်ခွင့်ပြုကြောင်းထုတ်ပေးသည့် စာတမ်းအမှတ်အသားကို ဆိုသည်။

(ဖ) **ယာဉ်အကူလက်မှတ်**ဆိုသည်မှာ ခရီးသည်တင် မော်တော်ယာဉ်တွင်ဖြစ်စေ၊ ကုန်တင် မော်တော်ယာဉ်တွင်ဖြစ်စေ မော်တော်ယာဉ်မောင်းသူနှင့် ခရီးသည်များကို ကူညီဆောင်ရွက်သူကို ထုတ်ပေးသည့် စာတမ်းအမှတ်အသားကို ဆိုသည်။

(ဗ) **မော်တော်ယာဉ်နှင့်စပ်လျဉ်းသော ပတ်ဝန်းကျင်ထိန်းသိမ်းရေး**ဆိုသည်မှာ မော်တော်ယာဉ်ကြောင့် လေထု၊ ရေထု၊ မြေထု ညစ်ညမ်းခြင်းနှင့် အသံဆူညံခြင်းတို့ လျော့နည်းစေရန် ထိန်းသိမ်းရေးကို ဆိုသည်။

## အခန်း (၂)
## ရည်ရွယ်ချက်

၃။ ရည်ရွယ်ချက်များမှာ အောက်ပါအတိုင်း ဖြစ်သည် -

(က) မော်တော်ယာဉ်များကို အများပြည်သူဆိုင်ရာနေရာတွင် အန္တရာယ်ကင်းရှင်းစွာသွားလာနိုင်ရန် သတ်မှတ်ချက်များနှင့်အညီ စစ်ဆေးပြီး မှတ်ပုံတင်ပေးရန်၊

(ခ) မော်တော်ယာဉ်အမျိုးအစားအလိုက် မောင်းနှင်မည့်သူများအား သတ်မှတ်ထားသည့်အရည်အချင်းများ ပြည့်မီမှုရှိမရှိ စစ်ဆေးပြီး ယာဉ်မောင်းလိုင်စင် ထုတ်ပေးရန်၊

(ဂ) လမ်းအသုံးပြုသူများ သွားလာမှု လွယ်ကူချောမွေ့စေရန်နှင့် ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ် ကင်းရှင်းစေရေး ကာကွယ်ဆောင်ရွက်ရန်၊

(ဃ) ယာဉ်ကြောပိတ်ဆို့မှု မဖြစ်ပွားစေရန်နှင့် ယာဉ်အန္တရာယ်ကင်းရှင်းရေးဆောင်ရွက်ရာတွင် အဆင့်မြင့် နည်းပညာသုံး ပို့ဆောင်ရေးစနစ်ကို ထိရောက်စွာအသုံးပြုရန်၊

(င) မော်တော်ယာဉ်ကြောင့် ဖြစ်ပေါ်လာသော သဘာဝပတ်ဝန်းကျင် ထိခိုက်မှုများလျော့နည်းစေရေး ဆောင်ရွက်ရန်။

## အခန်း (၃)
## မော်တော်ယာဉ်မှတ်ပုံတင်ခြင်း

၄။ မော်တော်ယာဉ်ပိုင်ရှင်သည် မော်တော်ယာဉ်ကို မှတ်ပုံတင်အရာရှိထံ မှတ်ပုံတင်ထားရှိရမည်။

၅။ မော်တော်ယာဉ်ပိုင်ရှင်သည် မော်တော်ယာဉ်ကို အန္တရာယ်ကင်းရှင်းစွာ မောင်းနှင်နိုင်ရန် စံချိန်စံညွှန်းများနှင့်အညီ ထိန်းသိမ်းပြုပြင်ထားရှိရမည်။

၆။ မည်သည့်မော်တော်ယာဉ်မဆို စက်ချွတ်ယွင်းနေလျှင်ဖြစ်စေ၊ ပုဒ်မ ၅ ပါ လိုအပ်ချက်များနှင့် သော်လည်းကောင်း၊ ဤဥပဒေအရပြုသည့် နည်းဥပဒေများပါ သတ်မှတ်ချက်များနှင့်သော်လည်းကောင်း မညီညွတ်လျှင်ဖြစ်စေ၊ လျှောက်ထားသူက ယင်းမော်တော်ယာဉ်နှင့်စပ်လျဉ်း၍ ယခင်က မှတ်ပုံတင်ခဲ့ဖူးသည့် အကြောင်းအရာများကို ဖော်ပြရန် ပျက်ကွက်လျှင်ဖြစ်စေ မှတ်ပုံတင်အရာရှိသည် ယင်းမော်တော်ယာဉ်ကို မှတ်ပုံတင်ခွင့်မပြုရ။

၇။ ဦးစီးဌာနသည် မော်တော်ယာဉ်ကနဦးမှတ်ပုံတင်လုပ်ငန်းဆောင်ရွက်ရန် စည်းကမ်းချက်များသတ်မှတ် ရမည်။ ထို့ပြင် နှစ်လဲသက်တမ်းတိုးမှတ်ပုံတင်ခြင်း၊ အခြားမှတ်ပုံတင်ခြင်းနှင့် စပ်လျဉ်းသော စည်းကမ်းချက် များကိုလည်း သတ်မှတ်ရမည်။

၈။ (က) မော်တော်ယာဉ်ပိုင်ရှင်သည် မော်တော်ယာဉ်ကို သတ်မှတ်သည့် နည်းလမ်းအတိုင်း ယာယီ မှတ်ပုံတင်ပေးရန်လည်းကောင်း၊ သတ်မှတ်သည့်နည်းလမ်းအတိုင်း ယာယီမှတ်ပုံတင် သက်သေခံလက်မှတ်နှင့် ယာယီမှတ်ပုံတင်အမှတ်အသား ထုတ်ပေးရန်လည်းကောင်း မှတ်ပုံတင်အရာရှိထံ လျှောက်ထားနိုင်သည်။

(ခ) ဤပုဒ်မအရ ပြုလုပ်သည့် ယာယီမှတ်ပုံတင်ခြင်းမှာ သုံးလထက်မပိုသော ကာလအပိုင်းအခြား အတွက်သာ အတည်ဖြစ်စေရမည်။ ယင်းသို့ ယာယီမှတ်ပုံတင်ခြင်းကို အသစ်တစ်ဖန် ပြုလုပ်ခွင့် မရှိစေရ။

၉။ ဦးစီးဌာနသည် မော်တော်ယာဉ်ကိုယ်ထည် တည်ဆောက်မှုပုံသဏ္ဌာန်နှင့် ဝန်တင်အားပေါ် မူတည်၍ မော်တော်ယာဉ်အမျိုးအစား ခွဲခြားသတ်မှတ်ရမည်။

၁၀။ မော်တော်ယာဉ်မှတ်ပုံတင်သူသည် မော်တော်ယာဉ်တွင် ပြောင်းလဲပြင်ဆင်ခြင်းများဆောင်ရွက်လိုလျှင် မှတ်ပုံတင်အရာရှိထံ ကြိုတင်လျှောက်ထားရမည်။

၁၁။ စီးပွားရေးလုပ်ငန်းသုံးမော်တော်ယာဉ်ကို အငှားယာဉ်အဖြစ် မှတ်ပုံတင်ရမည်။

၁၂။ မော်တော်ယာဉ်ကို လွှဲပြောင်းပိုင်ဆိုင်သူ၊ တရားဝင်ပိုင်ဆိုင်ခွင့်ရရှိသူ သို့မဟုတ် အမွေဆက်ခံခွင့်ရရှိသူသည် သတ်မှတ်သည့်နည်းလမ်းနှင့်အညီ မော်တော်ယာဉ်မှတ်ပုံတင်သူအမည်ပြောင်းလဲရေးဆောင်ရွက်ရမည်။

၁၃။ မော်တော်ယာဉ်မှတ်ပုံတင်သူသည် နေရပ်လိပ်စာ ပြောင်းလဲသည့်အခါတိုင်း ပြောင်းလဲသည့် နေရပ်လိပ်စာကို မှတ်တမ်းတင်ရန် ဦးစီးဌာနသို့ အကြောင်းကြားရမည်။

၁၄။ မှတ်ပုံတင်အရာရှိသည် -

(က) ပုဒ်မ ၁၀ သို့မဟုတ် ပုဒ်မ ၁၁ ပါ ကိစ္စရပ်တစ်ခုခုနှင့်စပ်လျဉ်း၍ လွှဲအပ်ထားသည့် ယာဉ်စစ်ဆေးရေးအဖွဲ့၏ တင်ပြချက်အပေါ် သတ်မှတ်ချက်များနှင့်အညီစိစစ်ပြီး ခွင့်ပြုခြင်း၊ ငြင်းပယ်ခြင်း သို့မဟုတ် ပြန်လည်ပြင်ဆင်စေခြင်း ပြုနိုင်သည်။

(ခ) ပုဒ်မ ၁၂ သို့မဟုတ် ပုဒ်မ ၁၃ ပါ ကိစ္စရပ်တစ်ခုခုနှင့်စပ်လျဉ်း၍ သတ်မှတ်ချက်များနှင့်အညီ စိစစ်ပြီး ခွင့်ပြုခြင်း၊ ငြင်းပယ်ခြင်း သို့မဟုတ် ပြန်လည်ပြင်ဆင်စေခြင်း ပြုနိုင်သည်။

၁၅။ မည်သည့်မော်တော်ယာဉ်ပိုင်ရှင်မျှ မှတ်ပုံတင်အရာရှိ၏ကြိုတင်ခွင့်ပြုချက်မရရှိဘဲ မော်တော်ယာဉ်တွင် ပြောင်းလဲပြင်ဆင်ခြင်းများမပြုရ။

၁၆။ ဝန်ကြီးဌာနသည် မော်တော်ယာဉ် မှတ်ပုံတင်သက်တမ်းကို သတ်မှတ်ပေးရမည်။

## အခန်း (၄)
## မော်တော်ယာဉ်မှတ်ပုံတင်ခြင်းကို ခေတ္တရပ်စဲခြင်း၊ ဖျက်သိမ်းခြင်း

၁၇။ မှတ်ပုံတင်အရာရှိသည် အောက်ပါအကြောင်းကိစ္စတစ်ရပ်ရပ်တွင် မော်တော်ယာဉ်မှတ်ပုံတင်ခြင်းကို ခေတ္တရပ်စဲနိုင်သည် -

(က) မော်တော်ယာဉ်တွင် အများပြည်သူကိုအန္တရာယ်ဖြစ်စေနိုင်သော သို့မဟုတ် သဘာဝပတ်ဝန်းကျင်ကို ထိခိုက်စေနိုင်သော ချွတ်ယွင်းချက်တစ်ခုခုကို စစ်ဆေးတွေ့ရှိခြင်း၊

(ခ) မော်တော်ယာဉ်မှတ်ပုံတင်ခြင်းနှင့်စပ်လျဉ်း၍ မော်တော်ယာဉ်မှတ်ပုံတင်သူကို ဆင့်ခေါ်ရာတွင် ခိုင်လုံသောအကြောင်းပြချက်မရှိဘဲ လာရောက်ရန် ပျက်ကွက်ခြင်း၊

(ဂ) ကြိုတင်ခွင့်ပြုချက်မရှိဘဲ မော်တော်ယာဉ်၏ အဓိကအစိတ်အပိုင်းကို ပြောင်းလဲပြင်ဆင်ခြင်း၊

(ဃ) သက်ဆိုင်ရာဌာန သို့မဟုတ် မော်တော်ယာဉ်နှင့် သက်ဆိုင်သူက သတ်မှတ်ချက်များနှင့်အညီ ခိုင်လုံသော အထောက်အထားဖြင့် ကန့်ကွက်လာခြင်း၊

(င) တစ်ဦးတစ်ယောက်က မော်တော်ယာဉ်သည် ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်နှင့်ပတ်ဝန်းကျင် ထိခိုက်မှုရှိကြောင်း ခိုင်လုံသော အထောက်အထားဖြင့် ကန့်ကွက်လာခြင်း။

၁၈။ မှတ်ပုံတင်အရာရှိသည် အောက်ပါအကြောင်းကိစ္စ တစ်ရပ်ရပ်ဖြစ်ပွားလျှင် မော်တော်ယာဉ် မှတ်ပုံတင်ခြင်းကို ဖျက်သိမ်းရမည် -

(က) မော်တော်ယာဉ်ကို အန္တရာယ်ကင်းရှင်းစွာ မောင်းနှင်ရန် ပြန်လည်ပြင်ဆင်၍ မရနိုင်သည်အထိ ပျက်စီးခြင်း၊

(ခ) မော်တော်ယာဉ်ကို မြန်မာနိုင်ငံပြင်ပသို့ အပြီးအပိုင်ယူဆောင်သွားခြင်း၊

(ဂ) မော်တော်ယာဉ် မှတ်ပုံတင်သက်တမ်း ကုန်ဆုံးပြီးနောက် အသစ်လဲလှယ်ရန် တစ်ဆက်တည်းငါးနှစ် ပျက်ကွက်ခြင်း၊

(ဃ) ဝန်ကြီးဌာနမှ သတ်မှတ်သည့် မော်တော်ယာဉ်သက်တမ်းကျော်လွန်ခြင်း၊

(င) ခွင့်ပြုချက်မရှိဘဲ မော်တော်ယာဉ် အမျိုးအမည်၊ ခုနှစ်ပုံစံ၊ ခွင့်ပြု၍ မရသောပုံစံအနေအထား၊ ကိုယ်ထည်ပြောင်းလဲထားကြောင်း စစ်ဆေးတွေ့ရှိခြင်း၊

(စ) မော်တော်ယာဉ်မှတ်ပုံတင်ခြင်းကို ဖျက်သိမ်းပေးရန် မှတ်ပုံတင်သူက အထောက်အထား ခိုင်လုံစွာဖြင့် လျှောက်ထားခြင်း။

၁၉။ (က) မော်တော်ယာဉ်ကို မှတ်ပုံတင်ခွင့်မပြု၍သော်လည်းကောင်း၊ ယာဉ်စစ်ဆေးချက်သက်သေခံ လက်မှတ်ထုတ်မပေး၍သော်လည်းကောင်း ပုဒ်မ ၆ သို့မဟုတ် ပုဒ်မ ၁၄ အရ ငြင်းဆိုသည့် အမိန့်ကြောင့်ဖြစ်စေ၊ ပုဒ်မ ၁၇ သို့မဟုတ် ပုဒ်မ ၁၈ အရ ခေတ္တရပ်စဲသည့် သို့မဟုတ် ဖျက်သိမ်းသည့် အမိန့်ကြောင့်ဖြစ်စေ နစ်နာသည့် မော်တော်ယာဉ်ပိုင်ရှင်တစ်ဦးဦးသည် အဆိုပါအမိန့်ချမှတ်သည့် အကြောင်းကြားစာရရှိသည့်နေ့ရက်မှရက်ပေါင်း ၃၀ အတွင်း သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာနသို့ လည်းကောင်း၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန၏ ဆုံးဖြတ်ချက်ကို ကျေနပ်မှုမရှိသူသည် အဆိုပါဆုံးဖြတ်ချက် ချမှတ်သည့် အကြောင်းကြားစာ ရရှိသည့်နေ့ရက်မှ ရက်ပေါင်း ၃၀ အတွင်း ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်ထံသို့လည်းကောင်း၊ ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်၏ ဆုံးဖြတ်ချက်ကို ကျေနပ်မှုမရှိသူသည် အဆိုပါဆုံးဖြတ်ချက်ချမှတ်သည့် အကြောင်းကြားစာရရှိသည့် နေ့ရက်မှ ရက်ပေါင်း ၃၀ အတွင်း ဝန်ကြီးဌာနသို့လည်းကောင်း အဆင့်ဆင့်အယူခံဝင်နိုင်သည်။

(ခ) ပုဒ်မခွဲ (က) အရ အယူခံလျှောက်ထားမှုများတွင် ဝန်ကြီးဌာနက ချမှတ်သည့် ဆုံးဖြတ်ချက်သည် အပြီးအပြတ်ဖြစ်သည်။

## အခန်း (၅)

## မော်တော်ယာဉ်မောင်းလိုင်စင်၊ ယာဉ်အကူလက်မှတ်နှင့် သင်တန်းကျောင်း လုပ်ငန်းလိုင်စင်များ ထုတ်ပေးခြင်း၊ ငြင်းဆိုခြင်း၊ ခေတ္တရပ်စဲခြင်း၊ ဖျက်သိမ်းခြင်းနှင့် အမြဲတမ်းရုပ်သိမ်းခြင်း

၂၀။ ဦးစီးဌာနသည် မောင်းနှင်ခွင့်ရှိသည့် မော်တော်ယာဉ်အမျိုးအစားအလိုက် ယာဉ်မောင်းလိုင်စင် အမျိုးအစားအား သတ်မှတ်ရမည်။

၂၁။ ယာဉ်မောင်းလိုင်စင်ရရှိလိုသူသည် လိုင်စင်ထုတ်ပေးသည့် အရာရှိထံ သတ်မှတ်ချက်များနှင့်အညီ လျှောက်ထားရမည်။ လိုင်စင်ထုတ်ပေးသည့် အရာရှိသည် သတ်မှတ်ချက်များနှင့်ညီညွတ်ကြောင်း စိစစ် တွေ့ရှိပါက ယာဉ်မောင်းလိုင်စင် ထုတ်ပေးရမည်။

၂၂။ လိုင်စင်ထုတ်ပေးသူ အရာရှိသည် -

(က) တစ်ဦးတစ်ယောက်သောသူနှင့်ပတ်သက်၍ အောက်ပါအကြောင်းကိစ္စတစ်ရပ်ရပ်တွင် ယာဉ်မောင်း လိုင်စင်ထုတ်ပေးရန် ငြင်းဆိုခြင်း၊ ခေတ္တရပ်စဲခြင်း၊ ဖျက်သိမ်းခြင်း၊ ရုပ်သိမ်းခြင်း သို့မဟုတ် လိုင်စင်ကို အမြဲတမ်းရုပ်သိမ်းခြင်းပြုနိုင်သည်။ ထို့ပြင် ယာဉ်မောင်းလိုင်စင် လက်ရှိထားရန် သော်လည်းကောင်း၊ ရရှိရန်သော်လည်းကောင်း သီးခြားဖော်ပြသည့် ကာလအပိုင်းအခြားအတွက် အရည်အချင်း ပျက်ယွင်းကြောင်း သတ်မှတ်ခြင်းတို့ ပြုနိုင်သည် -

(၁) ရောဂါ သို့မဟုတ် မသန်စွမ်းမှုတစ်ခုခုကြောင့် မော်တော်ယာဉ်မောင်းနှင်ရန်မသင့်လျော်သူဟု ယုံကြည်ရန် အကြောင်းရှိခြင်း၊

(၂) စိတ်ကျန်းမာကြံ့ခိုင်ခြင်းမရှိသဖြင့် အများပြည်သူဆိုင်ရာနေရာတွင် မော်တော်ယာဉ် မောင်းနှင်ရန် မသင့်လျော်သူဟု ယုံကြည်ရန်အကြောင်းရှိခြင်း၊

(၃) မော်တော်ယာဉ်မောင်းနှင်ရေးနှင့်စပ်လျဉ်း၍ ပြစ်မှုမကြာခဏကျူးလွန်တတ်သူ သို့မဟုတ် အရက်သေစာ အလွန်အကြူး အမြဲတစေ မူးယစ်သောက်စားလေ့ရှိသူဟု ယုံကြည်ရန် အကြောင်းရှိခြင်း၊

(၄) ထိုသူ၏ ယခင်မှတ်တမ်းအရ မော်တော်ယာဉ်မောင်းနှင်ခြင်းမှာ အများပြည်သူတို့အား ဘေးအန္တရာယ်ဖြစ်စေတန်ရာသည်ဟု ယုံကြည်ရန် အကြောင်းရှိခြင်း၊

(၅) ဤဥပဒေအရ ပြစ်မှု သို့မဟုတ် မော်တော်ယာဉ်မောင်းနှင်ခြင်းနှင့်စပ်လျဉ်းသည့် ပြစ်မှုအတွက် ပြစ်မှုထင်ရှားစီရင်၍ ထိုသို့ပြစ်မှုထင်ရှားစီရင်သည့် တရားရုံးက ယာဉ်မောင်းလိုင်စင် ထုတ်မပေးရန် သို့မဟုတ် ရုပ်သိမ်းရန် သို့မဟုတ် ခေတ္တရပ်စဲရန် အဆိုပြုခံရသူဖြစ်ခြင်း။

(ခ) ပုဒ်မခွဲ (က) အရ ဆောင်ရွက်ရသည့်အကြောင်းများကို စာဖြင့်ရေးမှတ်၍မှတ်တမ်းတင်ထားရမည်။

၂၃။ ဦးစီးဌာနသည် ယာဉ်မောင်းလိုင်စင်အမျိုးအစားတစ်ခုမှ အခြားအမျိုးအစားတစ်ခုသို့ပြောင်းလဲပေးရန် လျှောက်ထားခြင်းတွင် သတ်မှတ်ချက်များနှင့်အညီ စစ်ဆေးပြီး ယာဉ်မောင်းလိုင်စင်ထုတ်ပေးခြင်း သို့မဟုတ် ငြင်းပယ်ခြင်းပြုနိုင်သည်။

၂၄။ ဦးစီးဌာနသည် အပြည်ပြည်ဆိုင်ရာ ယာဉ်မောင်းခွင့်လက်မှတ်လျှောက်ထားခြင်းကို သတ်မှတ်ချက်များ နှင့်အညီ စိစစ်၍ ထုတ်ပေးခြင်း သို့မဟုတ် ငြင်းပယ်ခြင်းပြုနိုင်သည်။

၂၅။ ဦးစီးဌာနသည် ပြည်ပမှ ထုတ်ပေးသော ယာဉ်မောင်းလိုင်စင်တင်ပြ၍ ပြည်တွင်းတွင်မောင်းနှင်ရန် လျှောက်ထားခြင်းကို သတ်မှတ်ချက်များနှင့်အညီ စိစစ်၍ ထုတ်ပေးခြင်း သို့မဟုတ် ငြင်းပယ်ခြင်း ပြုနိုင်သည်။

၂၆။ ယာဉ်အကူလက်မှတ်ရရှိလိုသူသည် လိုင်စင်ထုတ်ပေးသည့် အရာရှိထံ သတ်မှတ်ချက်များနှင့်အညီ လျှောက်ထားရမည်။

၂၇။ လိုင်စင်ထုတ်ပေးသူအရာရှိသည် ပုဒ်မ ၂၆ အရ လျှောက်ထားမှုကို သတ်မှတ်ချက်များနှင့်အညီ စိစစ်ပြီး ယာဉ်အကူလက်မှတ်ထုတ်ပေးခြင်း သို့မဟုတ် ငြင်းဆိုခြင်းပြုနိုင်သည်။

၂၈။ လိုင်စင်ထုတ်ပေးသူအရာရှိသည် ယာဉ်မောင်းလိုင်စင် သို့မဟုတ် ယာဉ်အကူလက်မှတ်ကိုင်ဆောင်သူက သတ်မှတ်ထားသည့် စည်းကမ်းကို လိုက်နာရန်ပျက်ကွက်လျှင် မှတ်တမ်းတင်ထားရမည်။ ယင်းမှတ်တမ်းသည် ယာဉ်မောင်းလိုင်စင် သို့မဟုတ် ယာဉ်အကူလက်မှတ် သက်တမ်းတိုးခြင်းနှင့် ယာဉ်မောင်းလိုင်စင်အမျိုးအစား ပြောင်းလဲပေးရန် လျှောက်ထားခြင်း၊ လိုင်စင်ကို ခေတ္တရပ်စဲခြင်း၊ ဖျက်သိမ်းခြင်းနှင့် လိုင်စင်အမြဲတမ်း ရုပ်သိမ်းခြင်းကိစ္စတို့တွင် ထည့်သွင်းစဉ်းစားရမည့်အချက်များ ဖြစ်စေရမည်။

၂၉။ လိုင်စင်ထုတ်ပေးသူအရာရှိသည် ဤဥပဒေအရ ပြုလုပ်သည့် နည်းဥပဒေပြဋ္ဌာန်းချက်တစ်ခုခုကို ဖောက်ဖျက်ကျူးလွန်သည့် ယာဉ်အကူကို ကာလသတ်မှတ်၍ ယာဉ်အကူလက်မှတ်ခေတ္တရပ်စဲခြင်း၊ ဖျက်သိမ်းခြင်း သို့မဟုတ် ယာဉ်အကူလက်မှတ် အမြဲတမ်းရုပ်သိမ်းခြင်းပြုနိုင်သည်။

၃၀။ မော်တော်ယာဉ်မောင်း သင်တန်းကျောင်း ဖွင့်လှစ်လိုသူသည် လုပ်ငန်းလိုင်စင်ရရှိရန် သတ်မှတ်ချက် များနှင့်အညီ ဦးစီးဌာနသို့ လျှောက်ထားရမည်။

၃၁။ ဦးစီးဌာနသည် ပုဒ်မ ၃၀ အရ လျှောက်ထားမှုကို သတ်မှတ်ချက်များနှင့်အညီ စိစစ်၍လုပ်ငန်းလိုင်စင် ထုတ်ပေးခြင်း သို့မဟုတ် ငြင်းပယ်ခြင်းပြုနိုင်သည်။

၃၂။ ပုဒ်မ ၂၃၊ ပုဒ်မ ၂၄၊ ပုဒ်မ ၂၅ သို့မဟုတ် ပုဒ်မ ၃၁ အရ ငြင်းပယ်သည့် အမိန့်ကို ကျေနပ်မှုမရှိသူသည် အဆိုပါအမိန့်ချမှတ်သည့်နေ့ရက်မှ ရက်ပေါင်း ၃၀ အတွင်း ဝန်ကြီးဌာနသို့ အယူခံဝင်နိုင်သည်။ ဝန်ကြီးဌာန၏ အဆုံးအဖြတ်သည် အပြီးအပြတ်ဖြစ်သည်။

၃၃။ (က) ပုဒ်မ ၂၃၊ ပုဒ်မ ၂၄၊ ပုဒ်မ ၂၅ သို့မဟုတ် ပုဒ်မ ၃၁ အရ ချမှတ်သည့် အမိန့်မှအပ ဤအခန်းအရ ချမှတ်သည့် အခြားအမိန့်တစ်စုံတစ်ရာအပေါ် ကျေနပ်မှုမရှိသူသည် အဆိုပါအမိန့်ချမှတ်သည့် အကြောင်းကြားစာရရှိသည့်နေ့ရက်မှ ရက်ပေါင်း ၃၀ အတွင်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်ထံသို့ လည်းကောင်း၊ ဦးစီးဌာနညွှန်ကြားရေးမှူးချုပ်၏ ဆုံးဖြတ်ချက်ကို ကျေနပ်မှုမရှိသူသည် အဆိုပါ ဆုံးဖြတ်ချက်ချမှတ်သည့် အကြောင်းကြားစာရရှိသည့်နေ့ရက်မှ ရက်ပေါင်း ၃၀ အတွင်း ဝန်ကြီးဌာနသို့လည်းကောင်း အဆင့်ဆင့်အယူခံဝင်နိုင်သည်။

(ခ) ပုဒ်မခွဲ (က) အရ အယူခံလျှောက်ထားမှုများတွင် ဝန်ကြီးဌာနကချမှတ်သည့် ဆုံးဖြတ်ချက်သည် အပြီးအပြတ်ဖြစ်သည်။

## အခန်း (၆)

## မော်တော်ယာဉ်တင်သွင်းခြင်း၊ ထုတ်လုပ်ခြင်း၊ ရောင်းချခြင်း၊ တည်ဆောက်တပ်ဆင်ခြင်း၊ ပြုပြင်ထိန်းသိမ်းခြင်းနှင့် စစ်ဆေးခြင်း

၃၄။ ဦးစီးဌာနသည် မော်တော်ယာဉ် တင်သွင်းခြင်း၊ မော်တော်ယာဉ်ထုတ်လုပ်ခြင်း၊ မော်တော်ယာဉ် တည်ဆောက်တပ်ဆင်ခြင်း၊ မော်တော်ယာဉ် ပြုပြင်ထိန်းသိမ်းခြင်းတို့နှင့်စပ်လျဉ်း၍ ဘေးအန္တရာယ်ကင်းရှင်းမှု ဆိုင်ရာ၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ စည်းကမ်းချက်များနှင့် စံချိန်စံညွှန်းများကို သတ်မှတ်ရမည်။

၃၅။ မော်တော်ယာဉ်ထုတ်လုပ်ခြင်းလုပ်ငန်း၊ မော်တော်ယာဉ်ရောင်းချခြင်းလုပ်ငန်း၊ မော်တော်ယာဉ် တည်ဆောက်တပ်ဆင်ခြင်းလုပ်ငန်း၊ မော်တော်ယာဉ်ပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်း သို့မဟုတ် မော်တော်ယာဉ် စစ်ဆေးခြင်း ပုဂ္ဂလိကလုပ်ငန်းလုပ်ကိုင်လိုသူသည် ဦးစီးဌာနသို့ သတ်မှတ်ချက်နှင့်အညီ လုပ်ငန်းလိုင်စင် လျှောက်ထားရမည်။

၃၆။ ဦးစီးဌာနသည် ပုဒ်မ ၃၅ အရ လျှောက်ထားမှုကို သတ်မှတ်ချက်များနှင့်အညီ စိစစ်ပြီး လုပ်ငန်းလိုင်စင် ထုတ်ပေးခြင်း သို့မဟုတ် ငြင်းပယ်ခြင်း ပြုနိုင်သည်။

၃၇။ ပုဒ်မ ၃၆ အရ လုပ်ငန်းလိုင်စင်ထုတ်ပေးရန် ငြင်းပယ်ခြင်းပြုသည့်အမိန့်ကို ကျေနပ်မှုမရှိသူသည် အဆိုပါအမိန့်ချမှတ်သည့်ရက်မှ ရက်ပေါင်း ၃၀ အတွင်း ဝန်ကြီးဌာနသို့ မယူခံဝင်နိုင်သည်။ ဝန်ကြီးဌာန၏ ဆုံးဖြတ်ချက်သည် အပြီးအပြတ်ဖြစ်သည်။

## အခန်း (၇)

## ဝန်ကြီးဌာန၏လုပ်ပိုင်ခွင့်များ

၃၈။ ဝန်ကြီးဌာနသည် -

(က) ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေး ဆောင်ရွက်နိုင်ရန် အမျိုးသားယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေးကောင်စီကို ဖွဲ့စည်း၍ ယင်း၏လုပ်ငန်းတာဝန်များကို သတ်မှတ်ရမည်။

(ခ) လိုအပ်သော ကော်မတီများကို ဖွဲ့စည်း၍ ယင်းတို့၏လုပ်ငန်းတာဝန်များကို သတ်မှတ်နိုင်သည်။

(ဂ) ကော်မတီအသီးသီးတွင် ထိရောက်စွာ တာဝန်ထမ်းဆောင်နိုင်ရန် ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ် ကင်းရှင်းရေး ပညာရပ်ဆိုင်ရာ ကျွမ်းကျင်သူများကို ထည့်သွင်းဖွဲ့စည်းနိုင်သည်။

(ဃ) အများပြည်သူဆိုင်ရာနေရာတွင်ဆောင်ရွက်သည့် တည်ဆောက်မှုလုပ်ငန်းများအပေါ် ကြိုတင် ပြင်ဆင်ဆဲကာလတွင်ဖြစ်စေ၊ ဆောက်လုပ်ဆဲ ကာလတွင်ဖြစ်စေ၊ အသုံးပြုနေသည့်ကာလတွင် ဖြစ်စေ ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေးအတွက် အကြံပြုချက်များနှင့် သုံးသပ်ချက် များကို ထုတ်ပြန်ပေးပို့နိုင်သည်။

၃၉။ (က) အမျိုးသားယာဉ်အန္တရာယ်၊ လမ်းအန္တရာယ် ကင်းရှင်းရေးကောင်စီသည် ပြည်ထောင်စုအစိုးရ အဖွဲ့၏ သဘောတူညီချက်ဖြင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် သို့မဟုတ် ပြည်ထောင်စု နယ်မြေတို့တွင် ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေး ကောင်စီများကိုဖွဲ့စည်း၍ ယင်းတို့၏ လုပ်ငန်းတာဝန်များကို သတ်မှတ်ရမည်။

(ခ) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် သို့မဟုတ် ပြည်ထောင်စုနယ်မြေ ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ် ကင်းရှင်းရေးကောင်စီသည် ခရိုင်နှင့်မြို့နယ်ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ် ကင်းရှင်းရေး ကောင်စီတို့ကို ဖွဲ့စည်း၍ ယင်းတို့၏ လုပ်ငန်းတာဝန်များကို သတ်မှတ်ရမည်။

၄၀။ ဝန်ကြီးဌာနသည် ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် အောက်ပါကိစ္စရပ်များကို ဆောင်ရွက်ရမည် -

(က) ပြည်ပမှတင်သွင်းသည့် မော်တော်ယာဉ်အမျိုးအစား၊ ထုတ်လုပ်သည့်ခုနှစ်နှင့် အရေအတွက် သတ်မှတ်ခြင်း၊

(ခ) ပြည်တွင်း၌ အသုံးပြုသည့် မော်တော်ယာဉ် အမျိုးအစားအလိုက် သွားလာခွင့်ရှိသည့် နေရာဒေသ သတ်မှတ်ခြင်း၊

(ဂ) နိုင်ငံအချင်းချင်း သို့မဟုတ် နိုင်ငံဖြတ်ကျော်ခရီးသည်နှင့်ကုန်စည်ပို့ဆောင်သွားလာခြင်းဆိုင်ရာ စည်းကမ်းချက်များ သတ်မှတ်ခြင်း။

၄၁။ ဝန်ကြီးဌာနသည် ဤဥပဒေ၊ ဤဥပဒေအရ ထုတ်ပြန်သော နည်းဥပဒေနှင့်အညီ ကောက်ခံသည့် ဒဏ်ကြေးငွေနှင့် အောက်ပါအခငွေများကို ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့်သတ်မှတ်ရမည် -

(က) မော်တော်ယာဉ် မှတ်ပုံတင်ခြင်းဆိုင်ရာ ပြည်ပတင်သွင်းယာဉ် မှတ်ပုံတင်ခ၊ မော်တော်ယာဉ်ကနဦး မှတ်ပုံတင်ခ၊ နှစ်လဲယာဉ်မှတ်ပုံတင်ခ၊ ယာဉ်စစ်ဆေးခနှင့် အခြားမှတ်ပုံတင်အခငွေများ၊

(ခ) ယာဉ်မောင်းလိုင်စင်နှင့် ယာဉ်အကူလက်မှတ် ထုတ်ပေးခြင်းဆိုင်ရာ မှတ်ပုံတင်ခ၊ စစ်ဆေးခနှင့် အခြားယာဉ်မောင်းလိုင်စင်ဆိုင်ရာ အခငွေများ၊

(ဂ) မော်တော်ယာဉ် ထုတ်လုပ်ခြင်း၊ ရောင်းချခြင်း၊ တည်ဆောက်တပ်ဆင်ခြင်း၊ ပြုပြင်ထိန်းသိမ်းခြင်း၊ စစ်ဆေးခြင်းနှင့် ယာဉ်မောင်းသင်တန်းကျောင်း ဖွင့်လှစ်ခြင်းဆိုင်ရာ အခငွေများ။

၄၂။ ဝန်ကြီးဌာနသည် ဤဥပဒေ၊ ဤဥပဒေအရပြုသော နည်းဥပဒေနှင့်အညီ ကောက်ခံသည့် ဒဏ်ကြေးငွေနှင့် အခငွေပမာဏများကို ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ပြင်ဆင်ခြင်းနှင့် ပြောင်းလဲခြင်းပြုနိုင်သည်။

၄၃။ ဝန်ကြီးဌာနသည် အမိန့်ကြော်ငြာစာထုတ်ပြန်၍ မည်သည့်မော်တော်ယာဉ်ကိုမဆို မှတ်ပုံတင်ရာတွင် အခငွေပေးဆောင်ခြင်းမှ ကင်းလွတ်ခွင့်ပြုနိုင်သည်။

## အခန်း (၈)
## ဦးစီးဌာန၏ လုပ်ပိုင်ခွင့်များ

၄၄။ ဦးစီးဌာန၏ လုပ်ပိုင်ခွင့်များမှာ အောက်ပါအတိုင်း ဖြစ်သည် -

(က) မော်တော်ယာဉ်မှတ်ပုံတင်ခြင်းဆိုင်ရာ လုပ်ငန်းများသတ်မှတ်ခြင်း၊

(ခ) မော်တော်ယာဉ် မှတ်ပုံတင်ခြင်းလုပ်ငန်းဆိုင်ရာ စည်းကမ်းချက်များ သတ်မှတ်ခြင်း၊

(ဂ) မော်တော်ယာဉ်စစ်ဆေးခြင်းဆိုင်ရာ လုပ်ငန်းများ သတ်မှတ်ခြင်း၊

(ဃ) မြန်မာနိုင်ငံအတွင်း ခေတ္တ သို့မဟုတ် ပုံမှန်ဖြတ်သန်းသွားလာမည့် ပြည်ပမှတ်ပုံတင်မော်တော်ယာဉ် ကိုဖြစ်စေ၊ ပြည်ပသို့ ခေတ္တ သို့မဟုတ် ပုံမှန်ထွက်ခွာသွားမည့်ပြည်တွင်းမှတ်ပုံတင်မော်တော်ယာဉ်ကို ဖြစ်စေ နိုင်ငံတကာနှင့်ပူးပေါင်းဆောင်ရွက်လျက်ရှိသည့် ကုန်းလမ်းပို့ဆောင်ရေးဆိုင်ရာ သဘောတူ စာချုပ်များနှင့်အညီ ဆောင်ရွက်ခြင်း၊

(င) မော်တော်ယာဉ် ထုတ်လုပ်ခြင်း၊ ရောင်းချခြင်း၊ တည်ဆောက်တပ်ဆင်ခြင်းနှင့် ပြုပြင်ထိန်းသိမ်းခြင်း လုပ်ငန်းများနှင့် စပ်လျဉ်း၍ စစ်ဆေးခြင်းနှင့်စည်းကမ်းချက်များ သတ်မှတ်ခြင်း၊

(စ) မော်တော်ယာဉ်စစ်ဆေးခြင်း ပုဂ္ဂလိကလုပ်ငန်းနှင့်စပ်လျဉ်း၍ စည်းကမ်းချက်များသတ်မှတ်ခြင်းနှင့် စစ်ဆေးခြင်း၊

(ဆ) ယာဉ်မောင်းလိုင်စင်နှင့် ယာဉ်အကူလက်မှတ်လျှောက်ထားမှုကို စစ်ဆေးခြင်း၊ ထုတ်ပေးခြင်း၊ အမျိုးအစားခွဲခြားခြင်း၊ မောင်းနှင်ခွင့်၊ သုံးစွဲခွင့် စည်းကမ်းချက်များ သတ်မှတ်ခြင်း၊

(ဇ) မော်တော်ယာဉ်မောင်း သင်တန်းကျောင်းလုပ်ငန်းနှင့် စပ်လျဉ်း၍ စည်းကမ်းချက်များ သတ်မှတ်ခြင်းနှင့် စစ်ဆေးခြင်း၊

(ဈ) ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေးနှင့်စပ်လျဉ်း၍ စည်းကမ်းချက်များသတ်မှတ်ခြင်း၊ ပညာပေးလှုံ့ဆော်ခြင်း၊ သက်ဆိုင်ရာအစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ခြင်း၊

(ည) လမ်းညွှန်း၊ လမ်းအမှတ်အသားနှင့် အချက်ပြများ သတ်မှတ်ခြင်း၊

(ဋ) လမ်းအန္တရာယ်ကင်းရှင်းရေးဆိုင်ရာ အရည်အသွေးစစ်ဆေးခြင်း၊ အကဲဖြတ်ခြင်း၊ ကျွမ်းကျင်သူစေလွှတ်ခြင်းနှင့် သက်ဆိုင်ရာသို့ အကြံပြုခြင်း၊

(ဌ) ယာဉ်ကြောပိတ်ဆို့မှု မဖြစ်ပွားစေရန်နှင့်ယာဉ်အန္တရာယ်ကင်းရှင်းရေးဆောင်ရွက်ရာတွင် အဆင့်မြင့်နည်းပညာများ အသုံးပြု၍ ဆောင်ရွက်ခြင်း၊

(ဍ) ယာဉ်မတော်တဆမှုများနှင့်စပ်လျဉ်း၍ လေ့လာသုံးသပ်ခြင်း၊ ယာဉ်မတော်တဆမှုများလျော့နည်းစေရန် သက်ဆိုင်ရာအစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ခြင်း၊

(ပ) ယာဉ်ကြောင့်ဖြစ်ပေါ်သော ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်စပ်လျဉ်း၍ ပညာပေးလှုံ့ဆော်ခြင်း၊ သုတေသနပြုလုပ်ခြင်း၊ သက်ဆိုင်ရာအစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ခြင်း၊

(ဏ) အများပြည်သူသုံးလမ်းပေါ်တွင်သွားလာနေသည့် မော်တော်ယာဉ်များအန္တရာယ်ကင်းရှင်းစွာ သွားလာနိုင်ရေးအတွက် အမြန်နှုန်းသတ်မှတ်ခြင်း။

## အခန်း (၉)

## တားမြစ်ချက်များ

၄၅။ မည်သူမျှ အောက်ပါအခြေအနေတစ်ရပ်ရပ်၌ မော်တော်ယာဉ်ကို အများပြည်သူဆိုင်ရာနေရာတွင် မောင်းနှင်ခြင်း၊ မောင်းနှင်စေခြင်း သို့မဟုတ် ရပ်နားထားခြင်းမပြုရ -

(က) မော်တော်ယာဉ်ကို မှတ်ပုံတင်ထားမှု မရှိခြင်း၊

(ခ) မော်တော်ယာဉ်မှတ်ပုံတင်သက်သေခံလက်မှတ်ရပ်စဲခြင်း၊ သိမ်းဆည်းခံရခြင်း၊ သက်တမ်းကုန်ဆုံးခြင်း သို့မဟုတ် သတ်မှတ်သည့်နည်းလမ်းအတိုင်း ပြသမထားခြင်း၊

(ဂ) မော်တော်ယာဉ်မှတ်ပုံတင် ဖျက်သိမ်းခံရခြင်း သို့မဟုတ် သက်တမ်းကုန်ဆုံးခြင်း။

၄၆။ မည်သူမျှ မော်တော်ယာဉ်ကို သူတစ်ပါးထိခိုက်မှု အာမခံမထားရှိဘဲ အများပြည်သူဆိုင်ရာနေရာတွင် အသုံးမပြုရ သို့မဟုတ် အသုံးပြုခွင့်မပေးရ။ ဤတားမြစ်ချက်သည် ခရီးသည်များနှင့် မသက်ဆိုင်စေရ။

၄၇။ (က) မည်သူမျှ မိမိအားထုတ်ပေးထားသည့် ယာဉ်မောင်းလိုင်စင်လက်ဝယ်မထားလျှင် အများပြည်သူဆိုင်ရာနေရာတွင် မော်တော်ယာဉ်ကို မောင်းနှင်ခြင်းမပြုရ။

(ခ) မည်သူမျှ ယာဉ်မောင်းလိုင်စင်မရှိလျှင် မော်တော်ယာဉ်ကို အများပြည်သူဆိုင်ရာနေရာတွင် မောင်းနှင်ခြင်းမပြုရ။

(ဂ) မည်သည့်မော်တော်ယာဉ်ပိုင်ရှင် သို့မဟုတ် မော်တော်ယာဉ်အတွက် တာဝန်ရှိသူမျှ ယင်းမော်တော်ယာဉ်ကို ယာဉ်မောင်းလိုင်စင်ရရှိမထားသူတစ်ဦးဦးအား မောင်းနှင်စေခြင်းမပြုရ သို့မဟုတ် မောင်းနှင်ရန်ခွင့်မပြုရ။

၄၈။ မည်သူမျှ အများပြည်သူဆိုင်ရာနေရာတွင် ယာဉ်မောင်းလိုင်စင်၌ ခွင့်ပြုထားခြင်းမရှိသော မော်တော်ယာဉ်ကို မောင်းနှင်ခြင်းမပြုရ သို့မဟုတ် မောင်းနှင်ခွင့်မပြုရ။

၄၉။ မည်သူမျှ အများပြည်သူဆိုင်ရာနေရာတွင် အောက်ပါတစ်ခုခုကို မပြုလုပ်ရ -

(က) မော်တော်ယာဉ်ကို သတ်မှတ်ထားသည့် အမြန်နှုန်းထက်ပို၍မောင်းနှင်ခြင်း သို့မဟုတ် သတ်မှတ်ထားသည့် အမြန်နှုန်းအောက် လျှော့၍မောင်းနှင်ခြင်း၊

(ခ) ဘေးအန္တရာယ်ဖြစ်စေနိုင်သည့် မော်တော်ယာဉ်ကို မောင်းနှင်ခြင်း၊

(ဂ) မူးယစ်ဆေးဝါး သို့မဟုတ် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများသုံးစွဲ၍သော်လည်းကောင်း၊ အရက်သေစာ မူးယစ်သောက်စား၍သော်လည်းကောင်း မော်တော်ယာဉ်ကို မောင်းနှင်ခြင်း။

၅၀။ မည်သူမျှ -

(က) လုပ်ငန်းလိုင်စင်မရှိဘဲ မော်တော်ယာဉ် ထုတ်လုပ်ခြင်းလုပ်ငန်း သို့မဟုတ် ရောင်းချခြင်းလုပ်ငန်း သို့မဟုတ် တည်ဆောက်တပ်ဆင်ခြင်း လုပ်ငန်းကို မပြုရ၊

(ခ) လုပ်ငန်းလိုင်စင်မရှိဘဲ မော်တော်ယာဉ်ပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်းကို လုပ်ကိုင်ခြင်းမပြုရ။

၅၁။ မည်သူမျှ လုပ်ငန်းလိုင်စင်မရှိဘဲ မော်တော်ယာဉ်မောင်းသင်တန်းကျောင်း ဖွင့်လှစ်ခြင်းမပြုရ။

၅၂။ မည်သူမျှ လုပ်ငန်းလိုင်စင်မရှိဘဲ မော်တော်ယာဉ်စစ်ဆေးခြင်း ပုဂ္ဂလိကလုပ်ငန်းကိုလုပ်ကိုင်ခြင်းမပြုရ။

၅၃။ မည်သူမျှ အောက်ပါတစ်ခုခုကို မပြုလုပ်ရ -

(က) မော်တော်ယာဉ်နံပါတ်ပြားကို မထင်ရှားအောင်ပြုလုပ်ခြင်း၊

(ခ) မော်တော်ယာဉ်နံပါတ်ပြားကို ထင်ယောင်ထင်မှားဖြစ်စေရန် ပြုလုပ်ခြင်း၊

(ဂ) မမှန်ကန်သော မော်တော်ယာဉ်နံပါတ်ပြားကို မော်တော်ယာဉ်တွင် တပ်ဆင်အသုံးပြုခြင်း။

၅၄။ မည်သူမျှ အောက်ပါတစ်ခုခုကို မပြုလုပ်ရ -

(က) ယာဉ်အကူလက်မှတ်မရှိဘဲ ယာဉ်အကူအဖြစ် ပါဝင်ဆောင်ရွက်ခြင်း၊

(ခ) စိတ်ဖြစ်စေ၊ ကိုယ်ဖြစ်စေ မော်တော်ယာဉ်ကို မောင်းနှင်ရန် သင့်လျော်ခြင်းမရှိသည့်အခါ မောင်းနှင်ခြင်း၊

(ဂ) သတ်မှတ်ထားသည့် ဝန်တင်အားထက်ပိုသော မော်တော်ယာဉ်ကို မောင်းနှင်ခြင်း၊

(ဃ) မော်တော်ဆိုင်ကယ်ကို စီးနင်းစဉ် မော်တော်ဆိုင်ကယ်ဦးထုပ်ကို မေးသိုင်းကြိုးသေချာစွာတပ်၍ မောင်းနှင်မှုမပြုခြင်း၊

(င) သတ်မှတ်ထားသည့် မော်တော်ယာဉ်ကိုမောင်းနှင်စဉ် ယာဉ်မောင်းနှင့် လိုက်ပါစီးနင်းသူများသည် အသက်ကယ်ထိုင်ခုံခါးပတ်ကို တပ်ဆင်မှုမပြုခြင်း၊

(စ) ခြေကျင် လမ်းကူးနေရာနှင့်သက်ဆိုင်သည့် နည်းဥပဒေပါ ပြဋ္ဌာန်းချက်တစ်ရပ်ရပ်ကိုဆန့်ကျင်၍ မော်တော်ယာဉ်ကို မောင်းနှင်ခြင်း၊

(ဆ) ဥပဒေနှင့်အညီ အခွင့်အာဏာမရှိဘဲ သို့မဟုတ် ခိုင်လုံသောအကြောင်းပြချက်မရှိဘဲ မော်တော်ယာဉ်၏ မူလအမျိုးအမည်၊ ရုပ်သဏ္ဍာန်ပျက်ပြားစေသည်အထိ ပြုပြင်ပြောင်းလဲခြင်း သို့မဟုတ် စက်ကိရိယာ တစ်စိတ်တစ်ဒေသကို ပြုပြင်ပြောင်းလဲခြင်း သို့မဟုတ် မော်တော်ယာဉ်စစ်ဆေးချက် သက်သေခံ လက်မှတ်ပါ အနေအထားများကို ပြုပြင်ပြောင်းလဲခြင်း၊

(ဇ) မော်တော်ဆိုင်ကယ်ကို နောက်ကြည့်မှန် သို့မဟုတ် အိတ်ဇောရှိအသံထိန်းကိရိယာမပါဘဲ မောင်းနှင်ခြင်း။

၅၅။ မော်တော်ယာဉ်လက်ဝယ်ရှိသူ မည်သူမျှ အောက်ပါတစ်ခုခုကိုမပြုလုပ်ရ -

(က) မော်တော်ယာဉ် ပေးကမ်းခြင်းနှင့် ရောင်းချခြင်းတို့တွင် မော်တော်ယာဉ်ပေးကမ်းသည့် နေ့ရက် သို့မဟုတ် အရောင်းအဝယ် စာချုပ်ချုပ်ဆိုသည့်နေ့ရက်မှ ရက်ပေါင်း ၃၀ အတွင်းမှတ်ပုံတင်သူ အမည်ပြောင်းလဲပေးနိုင်ရေးအတွက် လျှောက်ထားရန် ပျက်ကွက်ခြင်း၊

(ခ) အမွေဆက်ခံခြင်းဖြင့် မော်တော်ယာဉ် ပိုင်ဆိုင်ခွင့်ရရှိသူသည် မှတ်ပုံတင်သူအမည်ပြောင်းလဲပေးရန် တရားဝင်ပိုင်ဆိုင်ခွင့်ရရှိသည့်ရက်မှ ရက်ပေါင်း ၃၀ အတွင်း လျှောက်ထားရန် ပျက်ကွက်ခြင်း၊

(ဂ) မှတ်ပုံတင်သူ အမည်ပြောင်းလဲပေးရန် လျှောက်ထားရာတွင် မော်တော်ယာဉ်ပေးကမ်းခြင်းနှင့် ရောင်းဝယ်ခြင်းစာချုပ်၌ အချက်အလက်တစ်စုံတစ်ရာကို မမှန်မကန်ဖော်ပြခြင်း၊ ပြင်ဆင်ခြင်း၊ ချန်လှပ်ခြင်းနှင့် စာချုပ်ချုပ်ဆိုသည့်နေ့ရက်ကို မမှန်မကန်ဖော်ပြခြင်း။

၅၆။ မည်သူမျှ ဦးစီးဌာနက ထုတ်ပေးသည့် စာတမ်းအမှတ်အသားကို သက်ဆိုင်ခြင်းမရှိသည့် မော်တော်ယာဉ်တွင် ပြောင်းလဲသုံးစွဲခြင်း သို့မဟုတ် သုံးစွဲစေခြင်းမပြုရ။

၅၇။ မည်သူမျှ အခြားသူတစ်ဦးဦး၏ ယာဉ်မောင်းလိုင်စင် သို့မဟုတ် ယာဉ်အကူလက်မှတ်ကို အသုံးပြု၍ မော်တော်ယာဉ်ကို မောင်းနှင်ခြင်း သို့မဟုတ် ယာဉ်အကူအဖြစ် ပါဝင်ဆောင်ရွက်ခြင်းမပြုရ။

## အခန်း (၁၀)
## ပြစ်ဒဏ်များ

၅၈။ (က) မည်သူမဆို ပုဒ်မ ၄၅၊ ပုဒ်မ ၄၆၊ ပုဒ်မ ၄၇ ပုဒ်မခွဲ (ခ) နှင့် ပုဒ်မခွဲ (ဂ)၊ ပုဒ်မ ၄၈၊ ပုဒ်မ ၄၉ နှင့် ပုဒ်မ ၅၀ ပုဒ်မခွဲ (ခ) ပါ တားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို တစ်လထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ကျပ်ငါးသောင်းထက်မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

(ခ) မည်သူမဆို ပုဒ်မ ၅၀ ပုဒ်မခွဲ (က) ပါ တားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို သုံးလထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ကျပ်သိန်း ၅၀ ထက်မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

(ဂ) ပုဒ်မခွဲ (က) ပါ တားမြစ်ချက်တစ်ရပ်ရပ်ကို တစ်နှစ်အတွင်း ထပ်မံကျူးလွန်လျှင် ထပ်မံကျူးလွန်သော ပြစ်မှုအတွက် သုံးလထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ကျပ်တစ်သိန်းထက် မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

၅၉။ မည်သူမဆို ပုဒ်မ ၅၁ ပါ တားမြစ်ချက်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို ကျပ်ငါးသိန်းထက်မပိုသော ငွေဒဏ်ချမှတ်ရမည်။

၆၀။ မည်သူမဆို ပုဒ်မ ၅၂ ပါ တားမြစ်ချက်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို ကျပ် ၁၀ သိန်းထက်မပိုသော ငွေဒဏ်ချမှတ်ရမည်။

၆၁။ မည်သူမဆို ပုဒ်မ ၅၃ ပါ တားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် ထိုသူကို သုံးလထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ကျပ်တစ်သိန်းထက်မပိုသော ငွေဒဏ် ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

၆၂။ မည်သူမဆို ပုဒ်မ ၄၇ ပုဒ်မခွဲ (က)၊ ပုဒ်မ ၅၄ နှင့် ပုဒ်မ ၅၇ ပါတားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက် ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို ကျပ်သုံးသောင်းထက်မပိုသောငွေဒဏ်ချမှတ်ရမည်။

၆၃။ မော်တော်ယာဉ်လက်ဝယ်ရှိသူ မည်သူမဆို ပုဒ်မ ၅၅ ပါ တားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက် ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို ကျပ်တစ်သိန်းထက်မပိုသော ငွေဒဏ်ချမှတ်ရမည်။

၆၄။ မည်သူမဆို ပုဒ်မ ၅၆ ပါတားမြစ်ချက်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို ခြောက်လထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ကျပ်သုံးသိန်းထက်မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

၆၅။ မည်သူမဆို ဤဥပဒေအရထုတ်ပြန်သော နည်းဥပဒေပါ ပြဋ္ဌာန်းချက်တစ်ရပ်ရပ်ကို ဖောက်ဖျက် ကျူးလွန်ကြောင်းပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို ကျပ်သုံးသောင်းထက်မပိုသော ငွေဒဏ်ချမှတ်ရမည်။

၆၆။ မည်သူမဆို ဤဥပဒေအရဖြစ်စေ၊ ဤဥပဒေအရပြုသည့် နည်းဥပဒေတစ်ခုခုအရဖြစ်စေ ပြစ်ဒဏ် ထိုက်သော ပြစ်မှုကိုကျူးလွန်ရန် အားပေးကူညီလျှင် ယင်းပြစ်မှုအတွက် ဤဥပဒေတွင်ပြဋ္ဌာန်းထားသည့် ပြစ်ဒဏ်ချမှတ်ခြင်းခံရမည်။

## အခန်း (၁၁)
## လျော်ကြေးငွေပေးဆောင်ခြင်း

၆၇။ မော်တော်ယာဉ်နှင့် စပ်လျဉ်း၍ ပြုလုပ်မှု သို့မဟုတ် ပျက်ကွက်မှုတစ်ခုခုကြောင့် တစ်ဦး တစ်ယောက်သောသူသည် ရာဇသတ်ကြီး ပုဒ်မ ၂၇၉၊ ပုဒ်မ ၃၃၇၊ ပုဒ်မ ၃၃၈ သို့မဟုတ် ပုဒ်မ ၃၀၄-က

အရ ပြစ်မှုထင်ရှားစီရင်ခံရ၍ ထိုပြုလုပ်သည့် သို့မဟုတ် ပျက်ကွက်သည့်ကိစ္စကြောင့် ပစ္စည်းတစ်ခုခု ပျက်စီးဆုံးရှုံးလျှင် တရားရုံးသည် ယင်းပစ္စည်းပျက်စီးဆုံးရှုံးမှုအတွက် အောက်ပါအတိုင်း ဆောင်ရွက်ရမည် -

(က) အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းပိုင် ပစ္စည်းတစ်ခုခုပျက်စီးလျှင် အဆိုပါပစ္စည်းကို ပြုပြင်ရန် သို့မဟုတ် အစားထိုးရန် လုံလောက်သည့်လျော်ကြေးငွေပေးစေရန် အမိန့်ချမှတ်ခြင်း၊

(ခ) ပုဒ်မခွဲ (က) တွင် ဖော်ပြထားသည့်ပစ္စည်းမှအပ အခြားပစ္စည်းတစ်ခုခုပျက်စီးလျှင် ပစ္စည်းပိုင်ရှင်နှင့် ပြစ်မှုကျူးလွန်သူနှစ်ဖက်သဘောတူညီမှုမရပါက အဆိုပါပစ္စည်းကိုပြုပြင်ရန် သို့မဟုတ် အစားထိုးရန် လုံလောက်သည့် လျော်ကြေးငွေပေးစေရန် အမိန့်ချမှတ်ခြင်း၊

(ဂ) ပုဒ်မခွဲ (က) သို့မဟုတ် ပုဒ်မခွဲ (ခ) အရချမှတ်သည့် လျော်ကြေးငွေကိုပေးရန် ပျက်ကွက်လျှင် အဆိုပါလျော်ကြေးငွေကို ဝင်ငွေခွန်မပြေ ကျန်ငွေဖြစ်ဘိသကဲ့သို့ အရကောက်ခံရမည်။

၆၈။ ပုဒ်မ ၆၇ အရ ချမှတ်သည့်အမိန့်သည် နစ်နာသူက တရားမမှုစွဲဆိုခွင့်ကို ပိတ်ပင်ခြင်းမရှိစေရ။

## အခန်း (၁၂)
## စည်းကမ်းထိန်းသိမ်းခြင်းနှင့်အရေးယူခြင်း

၆၉။ ဝန်ကြီးဌာနသည် ဤဥပဒေ၊ နည်းဥပဒေပါ ပြဋ္ဌာန်းချက်များကို လိုက်နာရန်ပျက်ကွက်သူများအား စစ်ဆေးအရေးယူရန် ဦးစီးဌာနကိုသော်လည်းကောင်း၊ ဦးစီးဌာနမှသင့်လျော်သည့် အရာရှိတစ်ဦးဦးကို သော်လည်းကောင်း တာဝန်ပေးအပ်နိုင်သည်။

၇၀။ (က) ရဲဝတ်စုံဝတ်ထားသည့် ရဲအရာရှိသည် အောက်ပါအခြေအနေတစ်ရပ်ရပ်တွင် မော်တော်ယာဉ်မောင်းနှင်သူအား ဝရမ်းမပါဘဲ ဖမ်းဆီးနိုင်သည် -

(၁) အရက်သေစာ မူးယစ်သောက်စား၍ မော်တော်ယာဉ်ကို မောင်းနှင်ခြင်း၊

(၂) မူးယစ်ဆေးဝါး သို့မဟုတ် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများသုံးစွဲ၍ မော်တော်ယာဉ်ကို မောင်းနှင်ခြင်း၊

(၃) ဘေးအန္တရာယ်ဖြစ်စေနိုင်သည်အထိ မော်တော်ယာဉ်ကို အရမ်း သို့မဟုတ် ပေါ့လျော့စွာ မောင်းနှင်ခြင်း၊

(၄) ဘေးအန္တရာယ်ဖြစ်စေနိုင်သည့် မော်တော်ယာဉ်ကို မောင်းနှင်ခြင်း။

(ခ) အရက်သေစာသောက်စား၍ မူးယစ်နေစဉ် မော်တော်ယာဉ်မောင်းနှင်ခြင်းနှင့်စပ်လျဉ်း၍ ထိုသို့ဖမ်းဆီးခံရသည့်သူတစ်ဦးဦးကို သတ်မှတ်ထားသည့်နည်းလမ်းအတိုင်း စစ်ဆေးပြီး အချုပ်မှလွှတ်ရမည်။

၇၁။ (က) ရဲဝတ်စုံဝတ်ဆင်ထားသည့် ရဲအရာရှိသည် အောက်ပါတစ်ဦးတစ်ယောက်သောသူကို ဝရမ်းမပါဘဲ ဖမ်းဆီးနိုင်သည် -

(၁) ဤဥပဒေပါ ပြဋ္ဌာန်းချက်များအရ သို့မဟုတ် ဤဥပဒေအရပြုသည့် နည်းဥပဒေများအရ အမည်နှင့်နေရပ် ဖော်ပြစေလိုပါလျက် မဖော်ပြလိုဟု ငြင်းဆိုသူ သို့မဟုတ် ထိုရဲအရာရှိက မမှန်ဟု ယုံကြည်ရန် အကြောင်းရှိသော အမည်နှင့်နေရပ် ဖော်ပြသူ၊

(၂) ဤဥပဒေအရဖြစ်သောပြစ်မှု သို့မဟုတ် ဤဥပဒေအရပြုသည့် နည်းဥပဒေများအရဖြစ်သော ပြစ်မှုတစ်ခုခုတွင် ပါဝင်သက်ဆိုင်၍ သို့မဟုတ် ပါဝင်သက်ဆိုင်သည်ဟု သက်သေမကင်းဖွယ်ရာ အကြောင်းရှိ၍ ထွက်ပြေးတိမ်းရှောင်မည်ဟု သို့မဟုတ် သမ္မန်စာချအပ်ခြင်းမခံရအောင် အခြားနည်း ရှောင်ရှားနေမည်ဟု အဆိုပါရဲအရာရှိက ယုံကြည်ရန်အကြောင်းရှိသောသူ၊

(ခ) ရဲအရာရှိသည် မော်တော်ယာဉ်မောင်းနှင်သူအား ဝရမ်းမပါဘဲ ဖမ်းဆီးလျှင် မော်တော်ယာဉ်ကို လုံခြုံစွာ ယာယီထိန်းသိမ်းထားရန် လိုအပ်ပါက မိမိသင့်သည်ဟု ထင်မြင်ယူဆသည့်အတိုင်း အရေးယူဆောင်ရွက်နိုင်သည် သို့မဟုတ် အရေးယူဆောင်ရွက်စေနိုင်သည်။ ထိုသို့

ဆောင်ရွက်ရာတွင် မော်တော်ယာဉ်ကိုရွှေ့ပြောင်းနေရာချထားရန်လိုအပ်ပါက ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းစေရန် ဆောင်ရွက်ရမည်။

၇၂။ (က) ရဲအရာရှိ သို့မဟုတ် ဝန်ကြီးဌာနက တာဝန်ပေးအပ်သည့် ဦးစီးဌာနမှ အရာရှိသည် ဤဥပဒေ၊ နည်းဥပဒေပါ ပြဋ္ဌာန်းချက်များကို ဖောက်ဖျက်ကျူးလွန်သည့် ယာဉ်မောင်းသူလက်ရှိထားသော ယာဉ်မောင်းလိုင်စင်ကို သိမ်းယူနိုင်သည်။ ယင်းသို့ သိမ်းယူလျှင် ယာဉ်မောင်းလိုင်စင် သိမ်းယူကြောင်း အသိအမှတ်ပြု လက်မှတ်ထုတ်ပေးရမည်။

(ခ) ယာဉ်မောင်းလိုင်စင်သိမ်းယူကြောင်း အသိအမှတ်ပြုလက်မှတ်ဖြင့် မော်တော်ယာဉ်ကို နေထိုင်ရာ ဥပစာသို့ ပြန်လည်ယူဆောင်ရန်အတွက်သာ ယာဉ်မောင်းနှင်ခွင့်ရှိသည်။

၇၃။ ရဲအရာရှိကဖြစ်စေ၊ ဝန်ကြီးဌာနက တာဝန်ပေးအပ်ခြင်းခံရသည့် ဦးစီးဌာနမှ အရာရှိကဖြစ်စေ မော်တော်ယာဉ်မှတ်ပုံတင်သက်သေခံလက်မှတ်၊ ယာဉ်မောင်းလိုင်စင်၊ ယာဉ်အကူလက်မှတ်၊ မော်တော်ယာဉ် စစ်ဆေးချက်သက်သေခံလက်မှတ်များကို စစ်ဆေးရာတွင် ယင်းလက်မှတ်များမှာ အစစ်အမှန်မဟုတ်ကြောင်း ယုံကြည်ရန်အကြောင်းရှိလျှင် အဆိုပါ သက်သေခံအထောက်အထားများကို သိမ်းယူနိုင်သည်။

၇၄။ ရဲအရာရှိ သို့မဟုတ် ဦးစီးဌာနမှအရာရှိသည် အများပြည်သူဆိုင်ရာနေရာတွင် အောက်ပါ မော်တော်ယာဉ်အား စစ်ဆေးတွေ့ရှိလျှင် ယင်းမော်တော်ယာဉ်ကို ယာယီထိန်းသိမ်းနိုင်ရန် အနီးဆုံး ရဲစခန်းတွင် အပ်နှံရမည် -

(က) မှတ်ပုံတင်ထားခြင်းမရှိသော မော်တော်ယာဉ်၊

(ခ) မှတ်ပုံတင်ဖျက်သိမ်းထားပြီးသော မော်တော်ယာဉ်။

## အခန်း (၁၃)
## နည်းဥပဒေများ ထုတ်ပြန်ရာတွင် ပါဝင်ရမည့်ကိစ္စရပ်များ

၇၅။ ဝန်ကြီးဌာနသည် နည်းဥပဒေများ ထုတ်ပြန်ရာတွင် အောက်ပါကိစ္စတစ်ခုခုဖြစ်စေ၊ အားလုံးဖြစ်စေ ပါဝင်စေရန် ဆောင်ရွက်ရမည် -

(က) မော်တော်ယာဉ်မှတ်ပုံတင်ခြင်းနှင့် သက်ဆိုင်သည့်ကိစ္စ၊

(ခ) မော်တော်ယာဉ်စစ်ဆေးခြင်းနှင့် သက်ဆိုင်သည့်ကိစ္စ၊

(ဂ) မော်တော်ယာဉ်တည်ဆောက်ခြင်း၊ နောက်တွဲယာဉ်တည်ဆောက်ခြင်း၊ ကိရိယာတန်ဆာပလာ တပ်ဆင်ခြင်းနှင့် ပြုပြင်ထိန်းသိမ်းခြင်းဆိုင်ရာကိစ္စ၊

(ဃ) မော်တော်ယာဉ်အမျိုးအစား၊ အလေးချိန်နှင့် တင်ဆောင်သည့်ဝန်သတ်မှတ်ခြင်းကိစ္စ၊

(င) မော်တော်ယာဉ် ထုတ်လုပ်ခြင်း၊ မော်တော်ယာဉ်ရောင်းချခြင်း၊ မော်တော်ယာဉ်တည်ဆောက် တပ်ဆင်ခြင်းနှင့် မော်တော်ယာဉ်ပြုပြင်ထိန်းသိမ်းခြင်းဆိုင်ရာကိစ္စ၊

(စ) မော်တော်ယာဉ်စစ်ဆေးခြင်း ပုဂ္ဂလိကလုပ်ငန်းဆိုင်ရာကိစ္စ၊

(ဆ) လမ်းအသုံးပြုသူများ သွားလာမှုလွယ်ကူချောမွေ့စေရန်နှင့် ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ် ကင်းရှင်းရေးကိစ္စ၊

(ဇ) မော်တော်ယာဉ်ကြောင့် မတော်တဆထိခိုက်မှု ဖြစ်ပွားသည့်အခါ ရဲအရာရှိ၊ မော်တော်ယာဉ် မောင်းနှင်သူနှင့် မော်တော်ယာဉ်အတွက် တာဝန်ရှိသူဆောင်ရွက်ရမည့် ကိစ္စ၊

(ဈ) ယာဉ်ကြောပိတ်ဆို့မှု မဖြစ်ပွားစေရန်နှင့် ယာဉ်အန္တရာယ်ကင်းရှင်းရေး ဆောင်ရွက်ရာတွင် အဆင့်မြင့်နည်းပညာသုံး ပို့ဆောင်ရေးစနစ်ကို ထိရောက်စွာ အသုံးပြုရေးကိစ္စ၊

(ည) မော်တော်ယာဉ်ကြောင့်ဖြစ်ပေါ်သော သဘာဝပတ်ဝန်းကျင် ထိခိုက်မှုလျော့နည်းစေရေးကိစ္စ၊

(ဋ) ယာဉ်မောင်းလိုင်စင်ထုတ်ပေးရန် စစ်ဆေးခြင်းကိစ္စ၊

(ဌ) ယာဉ်အကူလက်မှတ်ထုတ်ပေးရန် စစ်ဆေးခြင်းကိစ္စ၊

(ဍ) မော်တော်ယာဉ်မောင်းသင်တန်းကျောင်းဆိုင်ရာကိစ္စ၊

(ဎ) စီးပွားရေးလုပ်ငန်းသုံးမော်တော်ယာဉ် စည်းကမ်းထိန်းသိမ်းရေးကိစ္စ၊

(ဏ) မော်တော်ယာဉ်သွားလာမှုဆိုင်ရာ စည်းကမ်းထိန်းသိမ်းရေးကိစ္စ၊

(တ) ခြေကျင်လျှောက်သူများ လိုက်နာရန် စည်းကမ်းများကိစ္စ၊

(ထ) စက်ဘီးစီးသူများလိုက်နာရန် စည်းကမ်းများကိစ္စ၊

(ဒ) အချက်ပြအထိမ်းအမှတ်များနှင့် အချက်ပြကိရိယာများဆိုင်ရာကိစ္စ၊

(ဓ) လမ်းညွှန်း၊ လမ်းအမှတ်အသားနှင့် လမ်းအချက်ပြများဆိုင်ရာကိစ္စ၊

(န) ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ် ကင်းရှင်းရေးအတွက် ရည်ရွယ်၍ လက်ယာကပ်မောင်းစနစ်နှင့် ကိုက်ညီသည့် ဘယ်မောင်းယာဉ်များသာ အသုံးပြုနိုင်ရေးကိစ္စ၊

(ပ) မော်တော်ယာဉ်တွင် အသက်ကယ်လေအိတ်များ ပါရှိစေရေးကိစ္စ၊

(ဖ) အသက်ကယ်ထိုင်ခုံခါးပတ် တပ်ဆင်မောင်းနှင်ရေးကိစ္စ၊

(ဗ) ကလေးသူငယ် အန္တရာယ်ကင်းရှင်းရေး ထိုင်ခုံသုံးစွဲရေးကိစ္စ၊

(ဘ) မော်တော်ဆိုင်ကယ်စီးဦးထုပ်ဆောင်း၍ မောင်းနှင်ရေးနှင့် စီးနင်းရေးကိစ္စ၊

(မ) မော်တော်ယာဉ်မောင်းနှင်စဉ် လက်ကိုင်ဖုန်းအသုံးမပြုရေးကိစ္စ၊

(ယ) ဤဥပဒေအရ ပေးဆောင်ရမည့် အခကြေးငွေနှင့် သက်ဆိုင်သည့်ကိစ္စ၊

(ရ) ဤဥပဒေအရ ပေးဆောင်ရမည့် အခကြေးငွေများမှ ကင်းလွတ်ခွင့်ပေးရေးကိစ္စ၊

(လ) ဤဥပဒေပါပြဋ္ဌာန်းချက်တစ်ခုခုမှ ကင်းလွတ်ခွင့်ပေးရေးကိစ္စ၊

(ဝ) ဤဥပဒေအရ တင်သွင်းနိုင်သည့် အယူခံအမှုများနှင့်သက်ဆိုင်သောကိစ္စ၊

(သ) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံမှ ယာယီထွက်ခွာသွားသော သို့မဟုတ် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံအတွင်း ယာယီရောက်ရှိလာသော မော်တော်ယာဉ်များနှင့်သက်ဆိုင်သည့်ကိစ္စ၊

(ဟ) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံအတွင်း ဖြတ်သန်းသွားလာသော ပြည်ပမော်တော်ယာဉ်များနှင့် သက်ဆိုင်သည့်ကိစ္စ၊

(ဠ) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံအတွင်း ခေတ္တမျှသာနေထိုင်သူတို့ ယူဆောင်လာသည့် မော်တော်ယာဉ်များနှင့် သင့်တင့်ဆီလျော်စေရန် ပြုလုပ်ရေးကိစ္စ၊

(အ) အများပြည်သူဆိုင်ရာနေရာတွင် မော်တော်ယာဉ်ကို အခပေးငှားရမ်းခြင်းနှင့်သက်ဆိုင်သည့် စည်းကမ်းချက်များနှင့် ပေးဆောင်ရမည့်အခများ သတ်မှတ်ခြင်းကိစ္စ။

## အခန်း (၁၄)

## အထွေထွေ

၇၆။ ပြည်ထောင်စုအစိုးရအဖွဲ့သည် အမိန့်ကြော်ငြာစာဖြင့် မည်သည့်မော်တော်ယာဉ် သို့မဟုတ် မော်တော်ယာဉ်အမျိုးအစားကိုမဆို ဤဥပဒေပါပြဋ္ဌာန်းချက်အားလုံး သို့မဟုတ် တစ်ခုခု အကျိုးသက်ရောက်စေခြင်းမှ စည်းကမ်းချက်ထား၍ဖြစ်စေ၊ စည်းကမ်းချက်မထားဘဲဖြစ်စေ ကင်းလွတ်ခွင့်ပြုနိုင်သည်။

၇၇။ ဝန်ကြီးဌာနသည် နိုင်ငံ့ဝန်ထမ်းမဟုတ်သော ကော်မတီဝင်များအတွက် ချီးမြှင့်ငွေနှင့်စရိတ်များကို ကျခံရမည်။

၇၈။ ဤဥပဒေပါ ပြစ်မှုများကို ရဲအရေးယူပိုင်ခွင့်ရှိသော ပြစ်မှုများအဖြစ် သတ်မှတ်သည်။

၇၉။ ဤဥပဒေမပြဋ္ဌာန်းမီထုတ်ပေးထားသည့် မော်တော်ယာဉ်မှတ်ပုံတင်မှတ်တမ်း အထောက်အထားနှင့် သက်သေခံလက်မှတ်၊ မော်တော်ယာဉ်မှတ်ပုံတင်မှတ်တမ်း၊ မော်တော်ယာဉ်စစ်ဆေးချက် သက်သေခံ

လက်မှတ်၊ ယာဉ်မောင်းလိုင်စင်၊ ယာဉ်အကူလက်မှတ်များသည် ဤဥပဒေအရ ထုတ်ပေးသော စာတမ်းအမှတ်အသားများဖြစ်သည်ဟု မှတ်ယူရမည်။

၈၀။ ၁၉၆၄ ခုနှစ်၊ မော်တော်ယာဉ်ဥပဒေအရ ထုတ်ပြန်ထားသော နည်းဥပဒေများ၊ စည်းကမ်းများ၊ အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကို ဤဥပဒေနှင့် မဆန့်ကျင်သရွေ့ ဆက်လက်ကျင့်သုံးနိုင်သည်။

၈၁။ ဤဥပဒေပြဋ္ဌာန်းချက်ကို အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် -

(က) ဝန်ကြီးဌာနသည် နည်းဥပဒေ၊ စည်းမျဉ်းနှင့် စည်းကမ်းများကို ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ထုတ်ပြန်နိုင်သည်။

(ခ) ဝန်ကြီးဌာန၊ ဦးစီးဌာနနှင့်အမျိုးသားယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေးကောင်စီတို့သည် အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်နိုင်သည်။

၈၂။ ၁၉၆၄ ခုနှစ်၊ မော်တော်ယာဉ် ဥပဒေ (၁၉၆၄ ခုနှစ်၊ ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေးကောင်စီ ဥပဒေအမှတ် ၁၇) ကို ဤဥပဒေဖြင့် ရုပ်သိမ်းလိုက်သည်။

---

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ် လက်မှတ်ရေးထိုးသည်။

(ပုံ) သိန်းစိန်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# ပြည်ထောင်စုလွှတ်တော်ရုံး

## အမိန့်ကြော်ငြာစာအမှတ် (၁၃၈/၂၀၁၅)

၁၃၇၇ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၉ ရက်
( ၂၀၁၅ ခုနှစ်၊ စက်တင်ဘာလ ၈ ရက် )

## ၂၀၁၂ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာ ဥပဒေကို ပြင်ဆင်သည့် ဥပဒေထုတ်ပြန်ကြေညာခြင်း

နိုင်ငံတော်သမ္မတက အတည်ပြုလက်မှတ်ရေးထိုးသော **၂၀၁၂ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာ ဥပဒေကို ပြင်ဆင်သည့်ဥပဒေ** (၂၀၁၅ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၅၆။) အား ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၁၁ အရ ထုတ်ပြန်ကြေညာအပ်ပါသည်။

(ပုံ) ကျော်စိုး၊
ညွှန်ကြားရေးမှူးချုပ်၊
ပြည်ထောင်စုလွှတ်တော်ရုံး။

## ၂၀၁၂ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာဥပဒေကို ပြင်ဆင်သည့်ဥပဒေ
## (၂၀၁၅ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၅၆ ။)

၁၃၇၇ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၈ ရက်
( ၂၀၁၅ ခုနှစ်၊ စက်တင်ဘာလ ၇ ရက် )

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ ဤဥပဒေကို ၂၀၁၂ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာဥပဒေကို ပြင်ဆင်သည့်ဥပဒေဟု ခေါ်တွင်စေရမည်။

၂။ ၂၀၁၂ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ၂၊ ပုဒ်မခွဲ (ဇ) တွင်ပါရှိသော "ပြည်ထောင်စုရာထူးဝန်အဖွဲ့တို့ကိုလည်းကောင်း၊" ဆိုသည့်စကားရပ်နောက်တွင် "ပြည်ထောင်စုလွှတ်တော်က ဥပဒေပြဋ္ဌာန်း၍ အဆိုပါဥပဒေတွင် ပြည်ထောင်စုအဆင့်အဖွဲ့အစည်းအဖြစ် သတ်မှတ်ဖွဲ့စည်းသည့်နိုင်ငံတော်အဆင့် သို့မဟုတ် ဗဟိုအဆင့်အဖွဲ့အစည်းများကိုလည်းကောင်း၊" ဆိုသည့်စကားရပ်ကို ဖြည့်စွက်ရမည်။

၃။ ၂၀၁၂ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ၂၊ ပုဒ်မခွဲ (ည) ကိုအောက်ပါအတိုင်းအစားထိုးရမည် -

"(ည) **လွှတ်တော်ရုံး**ဆိုသည်မှာ ညွှန်ကြားရေးမှူးချုပ်တစ်ဦးက ဦးဆောင်သည့် ပြည်သူ့လွှတ်တော်၏ရုံးလုပ်ငန်းနှင့် အုပ်ချုပ်မှုကိစ္စအဝဝတို့ကို ကြီးကြပ်ဆောင်ရွက်ရန် ဖွဲ့စည်းထားသောရုံးကိုဆိုသည်။"

၄။ ၂၀၁၂ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာဥပဒေပုဒ်မ ၂၊ ပုဒ်မခွဲ (ဋ) ကို ပယ်ဖျက်ရမည်။

၅။ ၂၀၁၂ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာဥပဒေပုဒ်မ ၁၀၊ ပုဒ်မခွဲ (ည) ကိုအောက်ပါအတိုင်းအစားထိုးရမည် -

"(ည) လွှတ်တော်အစည်းအဝေးသို့ တက်ရောက်လေ့လာလိုသော ပြည်သူများအား ဥက္ကဋ္ဌ၏သဘောတူညီချက်ဖြင့် ဖိတ်ကြားခြင်း။"

၆။ ၂၀၁၂ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ၁၂၊ ပုဒ်မခွဲ (ဂ)၊ ပုဒ်မခွဲငယ် (၂) တွင်ပါရှိသော "တရားရုံးတစ်ခုခုက" ဆိုသည့်စကားရပ်ကို "တရားရုံး သို့မဟုတ် စုံစမ်းစစ်ဆေးမှုပြုသည့်အဖွဲ့အစည်းတစ်ခုခုက" ဆိုသည့်စကားရပ်ဖြင့် အစားထိုးရမည်။

၇။ ၂၀၁၂ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ၁၃ တွင် ပါရှိသော "နယ်မြေဒေသခံပြည်သူများနှင့် ညှိနှိုင်းပြီး သတ်မှတ်ချက်များနှင့်အညီ" ဆိုသည့်စကားရပ်ကို "ဥပဒေနှင့်အညီ" ဆိုသည့်စကားရပ်ဖြင့်အစားထိုးရမည်။

၈။ ၂၀၁၂ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ၁၇ မှ ပုဒ်မ ၁၉ အထိ သက်ဆိုင်သော "တာဝန်ထမ်းဆောင်ခြင်း" ဆိုသည့် အစုခေါင်းစဉ်ကို "တာဝန်ထမ်းဆောင်ခြင်းနှင့်နုတ်ထွက်ခြင်း" ဆိုသည့်အစုခေါင်းစဉ်ဖြင့် အစားထိုးရမည်။

၉။ ၂၀၁၂ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာ ဥပဒေ ပုဒ်မ ၁၇ ကို အောက်ပါအတိုင်း အစားထိုးရမည်-

"၁၇။ ဥက္ကဋ္ဌနှင့် ဒုတိယဥက္ကဋ္ဌတို့သည် နောက်တစ်ကြိမ် လွှတ်တော်သက်တမ်းပထမပုံမှန်အစည်းအဝေးစတင်မကျင်းပမီအချိန်အထိ ဥက္ကဋ္ဌနှင့် ဒုတိယဥက္ကဋ္ဌတာဝန်ကို ထမ်းဆောင်ရမည်။"

၁၀။ ၂၀၁၂ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ၃၈ ကို အောက်ပါအတိုင်း အစားထိုးရမည်-

"၃၈။(က) လွှတ်တော်သက်တမ်းတစ်ရပ်၏ ပထမပုံမှန်အစည်းအဝေးသို့ တက်ရောက်လာသောလွှတ်တော်ကိုယ်စားလှယ်များအား ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ထုတ်ပေးသည့်အသိအမှတ်ပြုလွှာဖြင့် စိစစ်အတည်ပြုရန် လွှတ်တော်က လွှတ်တော်အခွင့်အရေးကော်မတီမဖွဲ့စည်းရသေးမီ ဥက္ကဋ္ဌသည် လွှတ်တော်ကိုယ်စားလှယ်များ စိစစ်ရေးကော်မတီတစ်ရပ်ကိုသင့်လျော်သော နိုင်ငံသားများဖြင့် ဖွဲ့စည်းရမည်။

(ခ) လွှတ်တော်အခွင့်အရေးကော်မတီ ဖွဲ့စည်းပြီးချိန်မှစ၍ ယင်းကော်မတီသည် လွှတ်တော်သက်တမ်းအတွင်း ဆက်လက်ကျင်းပသည့် လွှတ်တော်အစည်းအဝေးများသို့ တက်ရောက်လာသော လွှတ်တော်ကိုယ်စားလှယ်များအား စိစစ်၍ အတည်ပြုရမည်။"

၁၁။ ၂၀၁၂ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ၄၇ နှင့် ပုဒ်မ ၄၈ တို့၌ပါရှိသော "အခြားဘာသာသာသနာကို ပုတ်ခတ်ပြောဆိုခြင်း" ဆိုသည့်စကားရပ်ကို "ဘာသာသာသနာကို ပုတ်ခတ် ပြောဆိုခြင်း" ဆိုသည့် စကားရပ်ဖြင့် အသီးသီးအစားထိုးရမည်။

၁၂။ ၂၀၁၂ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာဥပဒေပုဒ်မ ၅၀ ၏ ခြေဆင်းကို အောက်ပါအတိုင်း အစားထိုးရမည် -

"၅၀။ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းတစ်ရပ်ရပ်ကို ကိုယ်စားပြုသော အဖွဲ့အစည်းဝင်များသည်"-

၁၃။ ၂၀၁၂ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ၆၃ နှင့် ၆၆ တို့တွင်ပါရှိသော "ပြည်သူ့လွှတ်တော်ရုံး" ဆိုသည့်စကားရပ်ကို "လွှတ်တော်ရုံး" ဆိုသည့်စကားရပ်ဖြင့်အသီးသီးအစားထိုးရမည်။

---

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ် လက်မှတ်ရေးထိုးသည်။

(ပုံ) သိန်းစိန်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# ပြည်ထောင်စုလွှတ်တော်ရုံး

## အမိန့်ကြော်ငြာစာအမှတ် (၁၃၉/၂၀၁၅)

၁၃၇၇ ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၁၁ ရက်
( ၂၀၁၅ ခုနှစ်၊ အောက်တိုဘာလ ၉ ရက် )

## နိုင်ငံတော်သမ္မတနှင့် ဒုတိယသမ္မတများ ရွေးချယ်တင်မြှောက်ခြင်းဆိုင်ရာ နည်းဥပဒေများကို ပြင်ဆင်သည့် နည်းဥပဒေများ

ပြည်ထောင်စုလွှတ်တော်သည် နိုင်ငံတော်သမ္မတနှင့် ဒုတိယသမ္မတများ ရွေးချယ်တင်မြှောက်ခြင်းဆိုင်ရာဥပဒေပုဒ်မ ၁၀ အရ အပ်နှင်းထားသည့် လုပ်ပိုင်ခွင့်ကို ကျင့်သုံး၍ ဤပြင်ဆင်သည့် နည်းဥပဒေများကို ပြဋ္ဌာန်းလိုက်သည်။

၁။ ဤနည်းဥပဒေများကို "နိုင်ငံတော်သမ္မတနှင့် ဒုတိယသမ္မတများ ရွေးချယ်တင်မြှောက်ခြင်းဆိုင်ရာ နည်းဥပဒေများကို ပြင်ဆင်သည့် နည်းဥပဒေများ" ဟု ခေါ်တွင်စေရမည်။

၂။ နိုင်ငံတော်သမ္မတနှင့် ဒုတိယသမ္မတများ ရွေးချယ်တင်မြှောက်ခြင်းဆိုင်ရာ နည်းဥပဒေ ၃၊ နည်းဥပဒေ ၃၈၊ နည်းဥပဒေခွဲ (ဃ)၊ (င)၊ (စ)၊ (ဆ)၊ (ဇ)၊ နည်းဥပဒေ ၃၉ ၏ ခြေဆင်း၊ နည်းဥပဒေ ၄၀ ၏ ခြေဆင်း၊ နည်းဥပဒေ ၄၁ နှင့် နည်းဥပဒေ ၅၂ တို့တွင် ပါရှိသော **"လွှတ်တော်ရုံး"** ဆိုသည့် စကားရပ်ကို **"ပြည်ထောင်စုလွှတ်တော်ရုံး"** ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

၃။ နိုင်ငံတော်သမ္မတနှင့် ဒုတိယသမ္မတများ ရွေးချယ်တင်မြှောက်ခြင်းဆိုင်ရာ နည်းဥပဒေ ၆ နှင့် နည်းဥပဒေ ၈ တို့တွင် ပါရှိသော **"လွှတ်တော်ရုံးမှ သက်ဆိုင်ရာဒုတိယညွှန်ကြားရေးမှူးချုပ်"** ဆိုသည့် စကားရပ်ကို **"သက်ဆိုင်ရာလွှတ်တော်ရုံးမှ ညွှန်ကြားရေးမှူးချုပ်"** ဆိုသည့် စကားရပ်ဖြင် အစားထိုးရမည်။

၄။ နိုင်ငံတော်သမ္မတနှင့် ဒုတိယသမ္မတများ ရွေးချယ်တင်မြှောက်ခြင်းဆိုင်ရာ နည်းဥပဒေ ၇ တွင် ပါရှိသော **"လွှတ်တော်ရုံးမှ ဒုတိယညွှန်ကြားရေးမှူးချုပ်တစ်ဦးဦးက"** ဆိုသည့် စကားရပ်ကို **"သက်ဆိုင်ရာလွှတ်တော်ရုံးမှ ညွှန်ကြားရေးမှူးချုပ်က"** ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

၅။ နိုင်ငံတော်သမ္မတနှင့် ဒုတိယသမ္မတများ ရွေးချယ်တင်မြှောက်ခြင်းဆိုင်ရာ နည်းဥပဒေ ၁၄ နည်းဥပဒေခွဲ (ခ) ကို အောက်ပါအတိုင်း အစားထိုးရမည် -

"(ခ) ဆန္ဒမဲပေးပွဲလုပ်ငန်းကို တာဝန်ယူကြီးကြပ်ဆောင်ရွက်သည့် သက်ဆိုင်ရာ လွှတ်တော်ဥက္ကဋ္ဌအား အထောက်အကူပြုရန် **သက်ဆိုင်ရာ လွှတ်တော်ရုံး ညွှန်ကြားရေးမှူးချုပ်သည် လွှတ်တော်ရုံးအလိုက် သက်ဆိုင်ရာဒုတိယညွှန်ကြားရေးမှူးချုပ်ခေါင်းဆောင်သည့် ဝန်ထမ်းအဖွဲ့ကို**ဖွဲ့စည်းရမည်။ ဝန်ထမ်းတစ်ဦးချင်းအလိုက် ဆောင်ရွက်ရမည့်လုပ်ငန်းတာဝန်များကို ကြိုတင်သတ်မှတ်ထားရှိရမည်။"

၆။ နိုင်ငံတော်သမ္မတနှင့် ဒုတိယသမ္မတများ ရွေးချယ်တင်မြှောက်ခြင်းဆိုင်ရာ နည်းဥပဒေ ၁၄ နည်းဥပဒေခွဲ (ဃ)၊ (ဆ)၊ (ဇ)၊ နည်းဥပဒေ ၁၅ ၏ ခြေဆင်း၊ နည်းဥပဒေ ၁၅ နည်းဥပဒေခွဲ (စ)၊ နည်းဥပဒေ ၁၆ ၏ ခြေဆင်းနှင့် နည်းဥပဒေ ၁၇ တို့တွင် ပါရှိသော **"လွှတ်တော်ရုံးမှ သက်ဆိုင်ရာညွှန်ကြားရေးမှူး"** ဆိုသည့် စကားရပ်ကို **"လွှတ်တော်ရုံးအလိုက် သက်ဆိုင်ရာဒုတိယညွှန်ကြားရေးမှူးချုပ်"** ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

၇။　နိုင်ငံတော်သမ္မတနှင့် ဒုတိယသမ္မတများ ရွေးချယ်တင်မြှောက်ခြင်းဆိုင်ရာ နည်းဥပဒေ ၃၃ နှင့် ၃၅ တို့တွင် ပါရှိသော **"လွှတ်တော်ရုံး ညွှန်ကြားရေးမှူးချုပ်"** ဆိုသည့် စကားရပ်ကို **"ပြည်ထောင်စုလွှတ်တော်ရုံး ညွှန်ကြားရေးမှူးချုပ်"** ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

၈။　နိုင်ငံတော်သမ္မတနှင့် ဒုတိယသမ္မတများ ရွေးချယ်တင်မြှောက်ခြင်းဆိုင်ရာ နည်းဥပဒေ ၃၈ နည်းဥပဒေခွဲ (ခ) ကို အောက်ပါအတိုင်း အစားထိုးရမည် -

"(ခ)　ဆန္ဒမဲပေးပွဲလုပ်ငန်းကို တာဝန်ယူကြီးကြပ်ဆောင်ရွက်သည့် နာယကအား အထောက်အကူပြုရန် **ပြည်ထောင်စုလွှတ်တော်ရုံး ညွှန်ကြားရေးမှူးချုပ်သည် သက်ဆိုင်ရာဒုတိယညွှန်ကြားရေးမှူးချုပ်** ခေါင်းဆောင်သည့် ဝန်ထမ်းအဖွဲ့ကို ဖွဲ့စည်းရမည်။ ဝန်ထမ်းတစ်ဦးချင်းအလိုက် ဆောင်ရွက်ရမည့် လုပ်ငန်းတာဝန်များကို ကြိုတင်သတ်မှတ်ထားရှိရမည်။"

၉။　နိုင်ငံတော်သမ္မတနှင့် ဒုတိယသမ္မတများ ရွေးချယ်တင်မြှောက်ခြင်းဆိုင်ရာ နည်းဥပဒေ ၃၉ နည်းဥပဒေခွဲ (စ) တွင် ပါရှိသော **"လွှတ်တော်ရုံးမှ ညွှန်ကြားရေးမှူးချုပ်"** ဆိုသည့် စကားရပ်ကို **"ပြည်ထောင်စုလွှတ်တော်ရုံး ညွှန်ကြားရေးမှူးချုပ်"** ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

(ပုံ) သူရရွှေမန်း
နာယက
ပြည်ထောင်စုလွှတ်တော်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## ပြည်ထောင်စုလွှတ်တော်ရုံး

## အမိန့်ကြော်ငြာစာအမှတ် (၁၄၃/၂၀၁၅)

၁၃၇၇ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၇ ရက်
( ၂၀၁၅ ခုနှစ်၊ နိုဝင်ဘာလ ၁၈ ရက် )

### စီမံကိန်းများနှင့် ဘဏ္ဍာရေးဖွံ့ဖြိုးတိုးတက်မှုပူးပေါင်းကော်မတီသက်တမ်းတိုးမြှင့်ခြင်း

၁။　ပြည်ထောင်စုလွှတ်တော်၏ ၂၀၁၃ ခုနှစ်၊ နိုဝင်ဘာလ ၂၂ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် (၈၄/၂၀၁၃) ဖြင့် ဖွဲ့စည်းခဲ့သည့် **စီမံကိန်းများနှင့် ဘဏ္ဍာရေးဖွံ့ဖြိုးတိုးတက်မှုပူးပေါင်းကော်မတီ** သက်တမ်းကို ၂၀၁၄ ခုနှစ်၊ နိုဝင်ဘာလ ၂၂ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် (၁၂၆/၂၀၁၄) ဖြင့် တစ်နှစ်တိုးမြှင့်ခဲ့ပြီးဖြစ်ပါသည်။

၂။　အဆိုပါ ပူးပေါင်းကော်မတီ၏ သက်တမ်းကို ၂၀၁၅ ခုနှစ်၊ နိုဝင်ဘာလ ၂၂ ရက်မှစ၍ ပထမအကြိမ် ပြည်ထောင်စုလွှတ်တော်သက်တမ်းကုန်ဆုံးသည့်ရက်အထိ ထပ်မံတိုးမြှင့်သတ်မှတ်လိုက်သည်။

(ပုံ) သူရရွှေမန်း
နာယက
ပြည်ထောင်စုလွှတ်တော်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## ပြည်ထောင်စုလွှတ်တော်ရုံး

## အမိန့်ကြော်ငြာစာအမှတ် (၁၄၄/၂၀၁၅)

၁၃၇၇ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၈ ရက်
( ၂၀၁၅ ခုနှစ်၊ နိုဝင်ဘာလ ၁၉ ရက် )

### ဘက်စုံပို့ဆောင်ရေးဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း ထုတ်ပြန်ကြေညာခြင်း

ပြည်ထောင်စုအစိုးရအဖွဲ့မှ ပြည်ထောင်စုလွှတ်တော်သို့ ပေးပို့လာသော **ဘက်စုံပို့ဆောင်ရေးဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်း**အား ပြည်ထောင်စုလွှတ်တော်ဆိုင်ရာနည်းဥပဒေ ၇၉ အရထုတ်ပြန်ကြေညာအပ်ပါသည်။

(ပုံ) ကျော်စိုး၊
ညွှန်ကြားရေးမှူးချုပ်၊
ပြည်ထောင်စုလွှတ်တော်ရုံး။

# ဘက်စုံပို့ဆောင်ရေးဥပဒေကို ပြင်ဆင်သည့် ဥပဒေ (မူကြမ်း)
# (၂၀၁၅ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ်   ။)

၁၃၇၇ ခုနှစ်၊ လ ရက်
( ၂၀၁၅ ခုနှစ်၊ လ ရက် )

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ ဤဥပဒေကို **ဘက်စုံပို့ဆောင်ရေးဥပဒေကို ပြင်ဆင်သည့် ဥပဒေ**ဟု ခေါ်တွင်စေရမည်။

၂။ ဘက်စုံပို့ဆောင်ရေးဥပဒေပုဒ်မ ၂၊ ပုဒ်မခွဲ (ဒ) ကို အောက်ပါအတိုင်း အစားထိုးရမည် -

"(ဒ) **မှတ်ပုံတင်အရာရှိ**ဆိုသည်မှာ ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန၏ ညွှန်ကြားရေးမှူးချုပ်ကိုသော်လည်းကောင်း၊ မှတ်ပုံတင်အရာရှိ၏ လုပ်ငန်းတာဝန်များကိုဆောင်ရွက်ရန် ၎င်းက ခန့်အပ်တာဝန်ပေးသည့် အခွင့်ရအရာရှိကိုသော်လည်းကောင်း ဆိုသည်။"

၃။ ဘက်စုံပို့ဆောင်ရေးဥပဒေပုဒ်မ ၇၊ ပုဒ်မခွဲ (က) တွင်ပါရှိသော **"ပို့ဆောင်ရေးဦးစီးဌာန၏ ညွှန်ကြားရေးမှူးချုပ်"** ဆိုသော စကားရပ်ကို **"ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန၏ ညွှန်ကြားရေးမှူးချုပ်"** ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

၄။ ဘက်စုံပို့ဆောင်ရေးဥပဒေပုဒ်မ ၅၉၊ ပုဒ်မခွဲ (ဂ) တွင်ပါရှိသော **"ပို့ဆောင်ရေးဦးစီးဌာန"** ဆိုသော စကားရပ်ကို **"ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန"** ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

**[ ယခင်အပတ် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် အမိန့်ကြော်ငြာစာအမှတ် (၁၇/၂၀၁၅)၊ ရှမ်းပြည်နယ်ရွေးကောက်ပွဲဆိုင်ရာ စေ့စပ်ညှိနှိုင်းရေးကော်မတီများ ဖွဲ့စည်းခြင်းမှအဆက် ]**

(၃) **လင်းခေးခရိုင်ရွေးကောက်ပွဲဆိုင်ရာ စေ့စပ်ညှိနှိုင်းရေးကော်မတီ**

| | | | |
|---|---|---|---|
| (၁) | ဦးစိုင်းမြင့်ဦး | ဥက္ကဋ္ဌ၊ ခရိုင်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ | ဥက္ကဋ္ဌ |
| (၂) | ဦးစိုင်းအောင်သန်း | အဖွဲ့ဝင်၊ ခရိုင်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ | အဖွဲ့ဝင် |
| (၃) | ဦးအုန်းဖေ | အဖွဲ့ဝင်၊ ခရိုင်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ | အဖွဲ့ဝင် |
| (၄) | ဦးအောင်ဖေ | အဖွဲ့ဝင်၊ ခရိုင်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ | အဖွဲ့ဝင် |
| (၅) | ဦးဟန်ငွေး | အဖွဲ့ဝင်၊ ခရိုင်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ | အဖွဲ့ဝင် |
| (၆) | ဦးမောင်မောင်သက် | အဖွဲ့ဝင်၊ ခရိုင်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ | အဖွဲ့ဝင် |
| (၇) | ဒေါက်တာမျိုးမြို့ကြည် | အဖွဲ့ဝင်၊ ခရိုင်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ (ကျန်းမာရေး) | အဖွဲ့ဝင် |
| (၈) | ဦးဆွေဦး | အဖွဲ့ဝင်၊ ခရိုင်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ (ဥပဒေ) | အဖွဲ့ဝင် |
| (၉) | ဦးလှစိုး | အဖွဲ့ဝင်၊ ခရိုင်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ (ပညာရေး) | အဖွဲ့ဝင် |
| (၁၀) | ဒေါ်နန်းသန္တာဦး | အဖွဲ့ဝင်၊ ခရိုင်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ (ပြန်ဆက်) | အဖွဲ့ဝင် |
| (၁၁) | ဦးစမြင့်သိန်း | အဖွဲ့ဝင်၊ ခရိုင်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ (စိုက်ပျိုးရေး) | အဖွဲ့ဝင် |
| (၁၂) | ဦးမြတ်ကိုသန်း | အဖွဲ့ဝင်၊ ခရိုင်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ (စည်ပင်) | အဖွဲ့ဝင် |
| (၁၃) | ဦးဝင်းမြင့် | အဖွဲ့ဝင်၊ ခရိုင်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ (စာရင်းစစ်) | အဖွဲ့ဝင် |
| (၁၄) | ဦးစိုင်းချစ်ဦး | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | အဖွဲ့ဝင် |
| (၁၅) | ဦးသိန်းသန်းလင်း | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ | အဖွဲ့ဝင် |
| (၁၆) | ဦးစိုင်းတင် | ရှမ်းတိုင်းရင်းသားများဒီမိုကရေစီအဖွဲ့ချုပ်ပါတီ | အဖွဲ့ဝင် |
| (၁၇) | ဦးစိုင်းထွန်းအောင် | ရှမ်းအမျိုးသားများဒီမိုကရက်တစ်ပါတီ | အဖွဲ့ဝင် |
| (၁၈) | ဦးခွန်အောင်ကျော် | ပြည်ထောင်စုပအိုဝ်းအမျိုးသားအဖွဲ့ချုပ်ပါတီ | အဖွဲ့ဝင် |
| (၁၉) | ဦးစိုင်းလောင်ခမ်း | ဩဇာတိက္ကမရှိသူ | အဖွဲ့ဝင် |
| (၂၀) | ဦးဇော်ဝင်းကြိုင် | ဩဇာတိက္ကမရှိသူ | အဖွဲ့ဝင် |

| | | | |
|---|---|---|---|
| (၂၁) | ဦးလှမြင့် | ဩဇာတိက္ကမရှိသူ | အဖွဲ့ဝင် |
| (၂၂) | ဦးစိုင်းမိုးမင်းကြည် | ဩဇာတိက္ကမရှိသူ | အဖွဲ့ဝင် |
| (၂၃) | ဦးနန်းချစ်ဦး | အတွင်းရေးမှူး၊ ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ | အတွင်းရေးမှူး |
| (၂၄) | ဦးကျော်မိုး | ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲအရာရှိ | တွဲဖက်အတွင်းရေးမှူး |

( ပ ) **ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသရွေးကောက်ပွဲဆိုင်ရာ စေ့စပ်ညှိနှိုင်းရေးကော်မတီ**

| | | | |
|---|---|---|---|
| (၁) | ဦးဝမ်ကွယ်ကျင်း | ဥက္ကဋ္ဌ၊ ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ | ဥက္ကဋ္ဌ |
| (၂) | ဦးတာရီကား | အဖွဲ့ဝင်၊ ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ | အဖွဲ့ဝင် |
| (၃) | ဦးဇော်မင်း | အဖွဲ့ဝင်၊ ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ | အဖွဲ့ဝင် |
| (၄) | ဦးလယ်မယ်တား | အဖွဲ့ဝင်၊ ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ | အဖွဲ့ဝင် |
| (၅) | ဦးသာမောင် | အဖွဲ့ဝင်၊ ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ | အဖွဲ့ဝင် |
| (၆) | ဦးကိုကိုစိုး | အဖွဲ့ဝင်၊ ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ (လဝက) | အဖွဲ့ဝင် |
| (၇) | ဒေါက်တာ ဇင်ကိုကိုအောင် | အဖွဲ့ဝင်၊ ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ (ကျန်းမာရေး) | အဖွဲ့ဝင် |
| (၈) | ဦးသိန်းထွန်း | အဖွဲ့ဝင်၊ ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ (ဥပဒေ) | အဖွဲ့ဝင် |
| (၉) | ဦးသန်းဝင်း | အဖွဲ့ဝင်၊ ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ (ပညာရေး) | အဖွဲ့ဝင် |
| (၁၀) | ဦးစိုင်းသန်းအောင် | အဖွဲ့ဝင်၊ ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ (စိုက်ပျိုးရေး) | အဖွဲ့ဝင် |
| (၁၁) | ဒေါ်နန်းမြမြဝင်း | အဖွဲ့ဝင်၊ ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ (ပြန်ဆက်) | အဖွဲ့ဝင် |
| (၁၂) | ဦးအောင်ကျော်ဟိုး | အဖွဲ့ဝင်၊ ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ (စည်ပင်) | အဖွဲ့ဝင် |
| (၁၃) | ဦးရဲဝင်းထွန်း | အဖွဲ့ဝင်၊ ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ (လယ်ဆည်) | အဖွဲ့ဝင် |
| (၁၄) | ဦးအောင်နိုင် | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | အဖွဲ့ဝင် |
| (၁၅) | ဦးစောရွှေမြင့် | ရှမ်းပြည်ကိုးကန့်ဒီမိုကရက်တစ်ပါတီ | အဖွဲ့ဝင် |
| (၁၆) | ဦးလီကျုံးချန် | ဩဇာတိက္ကမရှိသူ | အဖွဲ့ဝင် |
| (၁၇) | ဦးဆီစံ | ဩဇာတိက္ကမရှိသူ | အဖွဲ့ဝင် |
| (၁၈) | ဦးကျန်ကျီးရင် | ဩဇာတိက္ကမရှိသူ | အဖွဲ့ဝင် |
| (၁၉) | ဦးမျိုးမင်းစိုး | အတွင်းရေးမှူး၊ ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ | အတွင်းရေးမှူး |
| (၂၀) | ဦးကျော်စွာဦး | ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲအရာရှိ | တွဲဖက်အတွင်းရေးမှူး |

(ဏ) **လှိုင်လင်ခရိုင်ရွေးကောက်ပွဲဆိုင်ရာ စေ့စပ်ညှိနှိုင်းရေးကော်မတီ**

| | | | |
|---|---|---|---|
| (၁) | ဦးသန်းတင် | ဥက္ကဋ္ဌ၊ ခရိုင်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ | ဥက္ကဋ္ဌ |
| (၂) | ဦးချစ်ရန်အောင် | အဖွဲ့ဝင်၊ ခရိုင်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ | အဖွဲ့ဝင် |
| (၃) | ဦးသိန်းဟန် | အဖွဲ့ဝင်၊ ခရိုင်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ | အဖွဲ့ဝင် |
| (၄) | ဦးထွန်းလှိုင် | အဖွဲ့ဝင်၊ ခရိုင်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ | အဖွဲ့ဝင် |
| (၅) | ဦးတင်ဆောင် | အဖွဲ့ဝင်၊ ခရိုင်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ | အဖွဲ့ဝင် |
| (၆) | ဦးခင်မောင်ကြည် | အဖွဲ့ဝင်၊ ခရိုင်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ | အဖွဲ့ဝင် |
| (၇) | ဦးဘုန်းနိုင် | အဖွဲ့ဝင်၊ ခရိုင်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ (ဥပဒေ) | အဖွဲ့ဝင် |
| (၈) | ဦးလှစိုး | အဖွဲ့ဝင်၊ ခရိုင်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ (လဝက) | အဖွဲ့ဝင် |
| (၉) | ဦးဝင်းရွှေ | အဖွဲ့ဝင်၊ ခရိုင်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ (စိုက်ပျိုးရေး) | အဖွဲ့ဝင် |
| (၁၀) | ဦးမှန်ထွန်းဝေ | အဖွဲ့ဝင်၊ ခရိုင်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ (ပညာရေး) | အဖွဲ့ဝင် |
| (၁၁) | Dr.အောင်ထွေး | အဖွဲ့ဝင်၊ ခရိုင်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ (ကျန်းမာရေး) | အဖွဲ့ဝင် |

| | | | |
|---|---|---|---|
| (၁၂) | ဦးအောင်ဌေးကြွယ် | အဖွဲ့ဝင်၊ ခရိုင်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ (စည်ပင်) | အဖွဲ့ဝင် |
| (၁၃) | ဒေါ်ရင်ရင်မြင့် | အဖွဲ့ဝင်၊ ခရိုင်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ (စာရင်းစစ်) | အဖွဲ့ဝင် |
| (၁၄) | ဒေါ်ရွှေရွှေမြင့် | အဖွဲ့ဝင်၊ ခရိုင်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ (ပြန်ဆက်) | အဖွဲ့ဝင် |
| (၁၅) | ဦးစိုင်းလွင် | ရှမ်းအမျိုးသားများဒီမိုကရက်တစ်ပါတီ | အဖွဲ့ဝင် |
| (၁၆) | ဒေါ်နန်းရွှေဦး | ရှမ်းတိုင်းရင်းသားများဒီမိုကရေစီအဖွဲ့ချုပ်ပါတီ | အဖွဲ့ဝင် |
| (၁၇) | ဦးပညာဆန်း | ပအိုဝ်းအမျိုးသားအဖွဲ့ချုပ်ပါတီ | အဖွဲ့ဝင် |
| (၁၈) | ဒေါ်မီးမီး | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ | အဖွဲ့ဝင် |
| (၁၉) | ဦးယောဘလင်း | လားဟူအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီ | အဖွဲ့ဝင် |
| (၂၀) | ဦးစိုင်းလုံ | တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ | အဖွဲ့ဝင် |
| (၂၁) | ဦးမိုင်းအောင်ခမ်း | တအာင်း (ပလောင်) အမျိုးသားပါတီ | အဖွဲ့ဝင် |
| (၂၂) | ဦးထွန်းငြိမ်း | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | အဖွဲ့ဝင် |
| (၂၃) | ဦးစိုင်းလှကျော် | သြဇာတိက္ကမရှိသူ | အဖွဲ့ဝင် |
| (၂၄) | ဦးစိုင်းအောင်သိန်း | သြဇာတိက္ကမရှိသူ | အဖွဲ့ဝင် |
| (၂၅) | ဦးမြမှီ | သြဇာတိက္ကမရှိသူ | အဖွဲ့ဝင် |
| (၂၆) | ဦးစိုင်းအိုး | သြဇာတိက္ကမရှိသူ | အဖွဲ့ဝင် |
| (၂၇) | ဦးချမ်းငြိမ်းအောင် | အတွင်းရေးမှူး၊ ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ | အတွင်းရေးမှူး |
| (၂၈) | ဦးသိန်းနိုင် | ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲအရာရှိ | တွဲဖက်အတွင်းရေးမှူး |

(တ) **“ဝ” ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသရွေးကောက်ပွဲဆိုင်ရာ စေ့စပ်ညှိနှိုင်းရေးကော်မတီ**

| | | | |
|---|---|---|---|
| (၁) | ဦးစိုင်းရွှေထွန်း | ဥက္ကဋ္ဌ၊ ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ | ဥက္ကဋ္ဌ |
| (၂) | ဦးစိုင်းလူ | အဖွဲ့ဝင်၊ ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ | အဖွဲ့ဝင် |
| (၃) | ဦးလောဆုလင်း | အဖွဲ့ဝင်၊ ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ | အဖွဲ့ဝင် |
| (၄) | ဦးဆမ်ဟိတ် | အဖွဲ့ဝင်၊ ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ | အဖွဲ့ဝင် |
| (၅) | ဦးအေးဆိုင် | အဖွဲ့ဝင်၊ ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ | အဖွဲ့ဝင် |
| (၆) | ဒေါ်ဒတ်ဖနီမဟာ (ခ)ဒေါ်စောနန်းမိုး | အဖွဲ့ဝင်၊ ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ | အဖွဲ့ဝင် |
| (၇) | ဦးသန့်ဇင် | အဖွဲ့ဝင်၊ ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ (လဝက) | အဖွဲ့ဝင် |
| (၈) | ဦးဇော်ဝင်းအောင် | အဖွဲ့ဝင်၊ ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ (ဥပဒေ) | အဖွဲ့ဝင် |
| (၉) | ဒေါက်တာရွှေဝင်း | အဖွဲ့ဝင်၊ ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ (ကျန်းမာရေး) | အဖွဲ့ဝင် |
| (၁၀) | ဦးကျော်ဆန်းဦး | အဖွဲ့ဝင်၊ ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ (ပညာရေး) | အဖွဲ့ဝင် |
| (၁၁) | ဦးအောင်မင်း | အဖွဲ့ဝင်၊ ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ (စာရင်းစစ်) | အဖွဲ့ဝင် |
| (၁၂) | ဦးကျော်ဇင် | အဖွဲ့ဝင်၊ ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ (စိုက်ပျိုးရေး) | အဖွဲ့ဝင် |
| (၁၃) | ဦးသိန်းအောင် | အဖွဲ့ဝင်၊ ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ (ပြန်ဆက်) | အဖွဲ့ဝင် |
| (၁၄) | ဦးမြင့်သိန်း | အဖွဲ့ဝင်၊ ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ (စည်ပင်) | အဖွဲ့ဝင် |
| (၁၅) | ဦးခွန်ကြွယ် | “ဝ” ဒီမိုကရက်တစ်ပါတီ | အဖွဲ့ဝင် |
| (၁၆) | ဦးအောင်ကိုဝင်း | “ဝ”အမျိုးသားစည်းလုံးညီညွတ်ရေးပါတီ | အဖွဲ့ဝင် |
| (၁၇) | ဦးစိုင်းလှဖေ | ရှမ်းတိုင်းရင်းသားများဒီမိုကရေစီအဖွဲ့ချုပ်ပါတီ | အဖွဲ့ဝင် |
| (၁၈) | ဦးဇော်နမ် | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | အဖွဲ့ဝင် |

| | | | |
|---|---|---|---|
| (၁၉) | ဦးဆန်ပူး | ရှမ်းတိုင်းရင်းသားများဒီမိုကရက်တစ်ပါတီ | အဖွဲ့ဝင် |
| (၂၀) | ဦးအေးမြင့်ကျော် | သြဇာတိက္ကမရှိသူ | အဖွဲ့ဝင် |
| (၂၁) | ဦးကျော်ဝင်း | သြဇာတိက္ကမရှိသူ | အဖွဲ့ဝင် |
| (၂၂) | ဦးစံထွန်း | သြဇာတိက္ကမရှိသူ | အဖွဲ့ဝင် |
| (၂၃) | ဦးဆန်ထွန်း | သြဇာတိက္ကမရှိသူ | အဖွဲ့ဝင် |
| (၂၄) | ဦးလုပ်အောင် | သြဇာတိက္ကမရှိသူ | အဖွဲ့ဝင် |
| (၂၅) | ဦးထွန်းကျော်နိုင် | အတွင်းရေးမှူး၊ ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ | အတွင်းရေးမှူး |
| (၂၆) | ဦးမျိုးမင်းထိုက် | ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲအရာရှိ | တွဲဖက်အတွင်းရေးမှူး |

(ထ) **ဟိုပန်ခရိုင်ရွေးကောက်ပွဲဆိုင်ရာ စေ့စပ်ညှိနှိုင်းရေးကော်မတီ**

| | | | |
|---|---|---|---|
| (၁) | ဦးရဲမြင့် | ဥက္ကဋ္ဌ၊ ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ | ဥက္ကဋ္ဌ |
| (၂) | ဦးတင်ဦး | အဖွဲ့ဝင်၊ ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ | အဖွဲ့ဝင် |
| (၃) | ဦးစိုင်းအေးစီ | အဖွဲ့ဝင်၊ ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ | အဖွဲ့ဝင် |
| (၄) | ဦးစိုင်းလိန်ခမ် | အဖွဲ့ဝင်၊ ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ | အဖွဲ့ဝင် |
| (၅) | ဦးကျက်ဆောင်း | အဖွဲ့ဝင်၊ ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ | အဖွဲ့ဝင် |
| (၆) | ဦးဆန်ဆု | အဖွဲ့ဝင်၊ ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ | အဖွဲ့ဝင် |
| (၇) | ဦးသန့်ဇင် | အဖွဲ့ဝင်၊ ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ (လဝက) | အဖွဲ့ဝင် |
| (၈) | ဒေါက်တာရွှေဝင်း | အဖွဲ့ဝင်၊ ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ (ကျန်းမာရေး) | အဖွဲ့ဝင် |
| (၉) | ဦးဇော်ဝင်းအောင် | အဖွဲ့ဝင်၊ ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ (ဥပဒေ) | အဖွဲ့ဝင် |
| (၁၀) | ဦးကျော်ဆန်းဦး | အဖွဲ့ဝင်၊ ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ (ပညာရေး) | အဖွဲ့ဝင် |
| (၁၁) | ဦးအောင်မင်း | အဖွဲ့ဝင်၊ ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ (စာရင်းစစ်) | အဖွဲ့ဝင် |
| (၁၂) | ဦးကျော်ဇင် | အဖွဲ့ဝင်၊ ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ (စိုက်ပျိုးရေး) | အဖွဲ့ဝင် |
| (၁၃) | ဦးသိန်းအောင် | အဖွဲ့ဝင်၊ ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ (ပြန်ဆက်) | အဖွဲ့ဝင် |
| (၁၄) | ဦးမြင့်သိန်း | အဖွဲ့ဝင်၊ ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ (စည်ပင်) | အဖွဲ့ဝင် |
| (၁၅) | ဦးစံထွန်း | "ဝ" ဒီမိုကရက်တစ်ပါတီ | အဖွဲ့ဝင် |
| (၁၆) | ဦးဉာဏ်လင်း | "ဝ" အမျိုးသားစည်းလုံးညီညွတ်ရေးပါတီ | အဖွဲ့ဝင် |
| (၁၇) | ဦးစိုင်းသန်းရွှေ | ရှမ်းတိုင်းရင်းသားများဒီမိုကရက်တစ်ပါတီ | အဖွဲ့ဝင် |
| (၁၈) | ဦးစိုင်းလှဖေ | ရှမ်းတိုင်းရင်းသားများဒီမိုကရေစီအဖွဲ့ချုပ်ပါတီ | အဖွဲ့ဝင် |
| (၁၉) | ဦးသက်တင် | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | အဖွဲ့ဝင် |
| (၂၀) | ဦးအေးမင်းကျော် | သြဇာတိက္ကမရှိသူ | အဖွဲ့ဝင် |
| (၂၁) | ဦးကျော်ဝင်း | သြဇာတိက္ကမရှိသူ | အဖွဲ့ဝင် |
| (၂၂) | ဦးစံထွန်း | သြဇာတိက္ကမရှိသူ | အဖွဲ့ဝင် |
| (၂၃) | ဦးဆန်ထွန်း | သြဇာတိက္ကမရှိသူ | အဖွဲ့ဝင် |
| (၂၄) | ဦးလုတ်အောင် | သြဇာတိက္ကမရှိသူ | အဖွဲ့ဝင် |
| (၂၅) | ဦးဇင်ဖြိုးဝေ | အတွင်းရေးမှူး၊ ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ | အတွင်းရေးမှူး |
| (၂၆) | ဦးနိုင်ဝင်းစိုး | ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲအရာရှိ | တွဲဖက်အတွင်းရေးမှူး |

၄။ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသနှင့် ခရိုင်ရွေးကောက်ပွဲဆိုင်ရာ စေ့စပ်ညှိနှိုင်းရေးကော်မတီ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်း ဖြစ်ပါသည် -

(က) မဲစာရင်းနှင့်စပ်လျဉ်း၍ အငြင်းပွားမှု တစ်စုံတစ်ရာ ပေါ်ပေါက်လာပါက ဥပဒေ၊ နည်းဥပဒေ၊ ညွှန်ကြားချက်များနှင့်အညီ စေ့စပ်ညှိနှိုင်းပေးခြင်း၊

(ခ) မဲဆွယ်စည်းရုံးမှုကာလအတွင်း ပေါ်ပေါက်လာသည့် အငြင်းပွားမှုများကို ဥပဒေ၊ နည်းဥပဒေ၊ ညွှန်ကြားချက်များနှင့်အညီ စေ့စပ်ညှိနှိုင်းဆောင်ရွက်ခြင်း၊

(ဂ) နိုင်ငံရေးပါတီများနှင့် တစ်သီးပုဂ္ဂလ လွှတ်တော်ကိုယ်စားလှယ်လောင်းများက တင်ပြလာသည့် အငြင်းပွားမှုများအား စေ့စပ်ညှိနှိုင်းပေးခြင်း၊

(ဃ) မြို့နယ်ရွေးကောက်ပွဲဆိုင်ရာ စေ့စပ်ညှိနှိုင်းရေးကော်မတီမှသော်လည်းကောင်း၊ သက်ဆိုင်ရာဌာန (သို့မဟုတ်) ပုဂ္ဂိုလ်များကသော်လည်းကောင်း တင်ပြလာသည့် ရွေးကောက်ပွဲဆိုင်ရာ အငြင်းပွားမှုများကို ဥပဒေ၊ နည်းဥပဒေ၊ ညွှန်ကြားချက်များနှင့်အညီ စေ့စပ်ညှိနှိုင်းပေးခြင်း၊

(င) တင်ပြလာသော အငြင်းပွားမှုများအား စေ့စပ်ညှိနှိုင်းဖြေရှင်းရာတွင် ဆုံးဖြတ်ရန် ခက်ခဲသော အခြေအနေပေါ်ပေါက်ပါက တိုင်းဒေသကြီး/ပြည်နယ်ရွေးကောက်ပွဲဆိုင်ရာ စေ့စပ်ညှိနှိုင်းရေး ကော်မတီ၏ လမ်းညွှန်မှုကိုခံယူ၍ ဆောင်ရွက်ခြင်း၊

(စ) ရွေးကောက်ပွဲဆိုင်ရာ အငြင်းပွားမှုများ စေ့စပ်ညှိနှိုင်းဖြေရှင်းရာတွင် အစည်းအဝေးထိုင်၍ ကော်မတီအဖွဲ့ဝင်အများစု၏ ဆန္ဒနှင့်အညီ ဆုံးဖြတ်ချက်အတိုင်း စေ့စပ်ညှိနှိုင်းပေးခြင်း၊

(ဆ) ရွေးကောက်ပွဲဆိုင်ရာ အငြင်းပွားမှုများအား စေ့စပ်ညှိနှိုင်းဆောင်ရွက်ချက်များကို မှတ်တမ်းတင် ထားရှိခြင်း။

၅။ ရှမ်းပြည်နယ်အတွင်းရှိ မြို့နယ်ရွေးကောက်ပွဲဆိုင်ရာ စေ့စပ်ညှိနှိုင်းရေးကော်မတီ (၅၀) ခုအား အောက်ပါအတိုင်း ဖွဲ့စည်းလိုက်သည် -

(က) **ကျောက်မဲမြို့နယ်ရွေးကောက်ပွဲဆိုင်ရာ စေ့စပ်ညှိနှိုင်းရေးကော်မတီ**

| | | | |
|---|---|---|---|
| (၁) | ဦးစိုးထွန်း | ဥက္ကဋ္ဌ၊ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ | ဥက္ကဋ္ဌ |
| (၂) | ဦးစိုင်းမောင်အေး | အဖွဲ့ဝင်၊ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ | အဖွဲ့ဝင် |
| (၃) | ဦးအေးကြူ | အဖွဲ့ဝင်၊ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ | အဖွဲ့ဝင် |
| (၄) | ဦးအုန်းမြင့် | အဖွဲ့ဝင်၊ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ | အဖွဲ့ဝင် |
| (၅) | ဒေါ်ခင်အုန်းပွင့် | အဖွဲ့ဝင်၊ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ | အဖွဲ့ဝင် |
| (၆) | ဦးစိုင်းမြင့်သိန်း | အဖွဲ့ဝင်၊ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ | အဖွဲ့ဝင် |
| (၇) | ဦးအောင်သွင်ဦး | အဖွဲ့ဝင်၊ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ | အဖွဲ့ဝင် |
| (၈) | ဒေါက်တာကျော်သိန်းထွန်း | အဖွဲ့ဝင်၊ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ | အဖွဲ့ဝင် |
| (၉) | ဒေါ်နန်းသိုက်ဟန် | အဖွဲ့ဝင်၊ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ | အဖွဲ့ဝင် |
| (၁၀) | ဦးမြင့်ခိုင် | အဖွဲ့ဝင်၊ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ | အဖွဲ့ဝင် |
| (၁၁) | ဒေါ်ငွေငွေးကြည် | အဖွဲ့ဝင်၊ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ | အဖွဲ့ဝင် |
| (၁၂) | ဒေါ်ဖြူဖြူအေး | အဖွဲ့ဝင်၊ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ | အဖွဲ့ဝင် |
| (၁၃) | ဒေါ်သိန်းသန်းငွေ | အဖွဲ့ဝင်၊ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ | အဖွဲ့ဝင် |
| (၁၄) | ဦးစိုင်းဆိုင်ကော်မိန် | အဖွဲ့ဝင်၊ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ | အဖွဲ့ဝင် |
| (၁၅) | ဦးတင်မောင်လေး | ရှမ်းအမျိုးသားများဒီမိုကရက်တစ်ပါတီ | အဖွဲ့ဝင် |
| (၁၆) | ဦးခင်မောင်ဇာ | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | အဖွဲ့ဝင် |
| (၁၇) | ဦးမောင်မောင် | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ | အဖွဲ့ဝင် |
| (၁၈) | ဦးစိုင်းကျော်ခင် | ရှမ်းတိုင်းရင်းသားများဒီမိုကရေစီအဖွဲ့ချုပ်ပါတီ | အဖွဲ့ဝင် |
| (၁၉) | ဦးတာကျော်လူ | တအာင်း (ပလောင်) အမျိုးသားပါတီ | အဖွဲ့ဝင် |
| (၂၀) | ဦးခွန်မြင့် | သြဇာတိက္ကမရှိသူ | အဖွဲ့ဝင် |
| (၂၁) | ဦးတင်ဝင်း | သြဇာတိက္ကမရှိသူ | အဖွဲ့ဝင် |
| (၂၂) | ဦးတင်မောင်ဦး | သြဇာတိက္ကမရှိသူ | အဖွဲ့ဝင် |
| (၂၃) | ဦးကြည်အုန်း | သြဇာတိက္ကမရှိသူ | အဖွဲ့ဝင် |
| (၂၄) | ဦးမြို့ဆောင် | အတွင်းရေးမှူး၊ ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ | အတွင်းရေးမှူး |
| (၂၅) | ဒေါ်နန်းခင်မိုမိုအောင် | ဒု-ဦးစီးမှူး၊ ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ | တွဲဖက်အတွင်းရေးမှူး |

(ခ) **နမ္မတူမြို့နယ်ရွေးကောက်ပွဲဆိုင်ရာ စေ့စပ်ညှိနှိုင်းရေးကော်မတီ**

| | | | |
|---|---|---|---|
| (၁) | ဦးမင်းဇော် | ဥက္ကဋ္ဌ၊ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ | ဥက္ကဋ္ဌ |
| (၂) | ဦးသိန်းထီ | အဖွဲ့ဝင်၊ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ | အဖွဲ့ဝင် |
| (၃) | ဦးသိန်းဝင်း | အဖွဲ့ဝင်၊ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ | အဖွဲ့ဝင် |

| | | | |
|---|---|---|---|
| (၄) | ဦးထွန်းအောင်ကျော် | အဖွဲ့ဝင်၊ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ | အဖွဲ့ဝင် |
| (၅) | ဦးဇော်ဆိုင်း | အဖွဲ့ဝင်၊ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ | အဖွဲ့ဝင် |
| (၆) | ဦးနိုင်ဟိန်း | အဖွဲ့ဝင်၊ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ | အဖွဲ့ဝင် |
| (၇) | ဦးကျော်ဆန်းဦး | အဖွဲ့ဝင်၊ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ | အဖွဲ့ဝင် |
| (၈) | ဦးမျိုးကျော်သူ | အဖွဲ့ဝင်၊ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ | အဖွဲ့ဝင် |
| (၉) | ဦးတင်ရှိန် | အဖွဲ့ဝင်၊ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ | အဖွဲ့ဝင် |
| (၁၀) | ဒေါက်တာနှစ်ဆန်းဦး | အဖွဲ့ဝင်၊ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ | အဖွဲ့ဝင် |
| (၁၁) | ဦးထွန်းမင်းဦး | အဖွဲ့ဝင်၊ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ | အဖွဲ့ဝင် |
| (၁၂) | ဒေါ်စိုးစိုးမြင့် | အဖွဲ့ဝင်၊ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ | အဖွဲ့ဝင် |
| (၁၃) | ဒေါ်အိအိဖြူ | အဖွဲ့ဝင်၊ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ | အဖွဲ့ဝင် |
| (၁၄) | ဒေါ်မြမြ | အဖွဲ့ဝင်၊ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ | အဖွဲ့ဝင် |
| (၁၅) | ဦးအိုက်ထိုက် | တအာင်း (ပလောင်) အမျိုးသားပါတီ | အဖွဲ့ဝင် |
| (၁၆) | ဦးဖေသန်း | ရှမ်းတိုင်းရင်းသားများဒီမိုကရေစီအဖွဲ့ချုပ်ပါတီ | အဖွဲ့ဝင် |
| (၁၇) | ဦးစောလွင် | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | အဖွဲ့ဝင် |
| (၁၈) | ဦးအောင်အောင် | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ | အဖွဲ့ဝင် |
| (၁၉) | ဦးစိုင်းအိုက်ဆန်း | ရှမ်းအမျိုးသားများဒီမိုကရက်တစ်ပါတီ | အဖွဲ့ဝင် |
| (၂၀) | ဦးဘကြည် | သြဇာတိက္ကမရှိသူ | အဖွဲ့ဝင် |
| (၂၁) | ဦးဆန်းလွင် | သြဇာတိက္ကမရှိသူ | အဖွဲ့ဝင် |
| (၂၂) | ဦးအိုက်ယေး | သြဇာတိက္ကမရှိသူ | အဖွဲ့ဝင် |
| (၂၃) | ဦးဒေါ့မွန်း | သြဇာတိက္ကမရှိသူ | အဖွဲ့ဝင် |
| (၂၄) | ဦးစိုင်းမော်ဖ | သြဇာတိက္ကမရှိသူ | အဖွဲ့ဝင် |
| (၂၅) | ဦးဝင်းဇော် | အတွင်းရေးမှူး၊ ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ | အတွင်းရေးမှူး |
| (၂၆) | ဒေါ်နန်းစုနိုင်ဦး | ဒု-ဦးစီးမှူး၊ ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ | တွဲဖက်အတွင်းရေးမှူး |

**(ဂ) နောင်ချိုမြို့နယ်ရွေးကောက်ပွဲဆိုင်ရာ စေ့စပ်ညှိနှိုင်းရေးကော်မတီ**

| | | | |
|---|---|---|---|
| (၁) | ဦးတင်ဦး | ဥက္ကဋ္ဌ၊ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ | ဥက္ကဋ္ဌ |
| (၂) | ဦးတင်လှိုင်မြင့် | အဖွဲ့ဝင်၊ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ | အဖွဲ့ဝင် |
| (၃) | ဦးဝင်းနိုင် | အဖွဲ့ဝင်၊ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ | အဖွဲ့ဝင် |
| (၄) | ဦးမောင်မောင်တင် | အဖွဲ့ဝင်၊ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ | အဖွဲ့ဝင် |
| (၅) | ဒေါ်လှသိန်းစံ | အဖွဲ့ဝင်၊ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ | အဖွဲ့ဝင် |
| (၆) | ဦးချစ်တင် | အဖွဲ့ဝင်၊ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ | အဖွဲ့ဝင် |
| (၇) | ဦးလှမြင့် | အဖွဲ့ဝင်၊ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ | အဖွဲ့ဝင် |
| (၈) | ဦးဟိန်းကျော်အောင် | အဖွဲ့ဝင်၊ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ | အဖွဲ့ဝင် |
| (၉) | ဒေါက်တာမင်းသိန်း | အဖွဲ့ဝင်၊ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ | အဖွဲ့ဝင် |
| (၁၀) | ဦးဟရမ်းလိန် | အဖွဲ့ဝင်၊ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ | အဖွဲ့ဝင် |
| (၁၁) | ဒေါ်စန်းစန်းဝင်း | အဖွဲ့ဝင်၊ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ | အဖွဲ့ဝင် |
| (၁၂) | ဒေါ်ခင်ပိုပိုသျှံ | အဖွဲ့ဝင်၊ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ | အဖွဲ့ဝင် |
| (၁၃) | ဒေါ်အေးအေးကြူ | အဖွဲ့ဝင်၊ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ | အဖွဲ့ဝင် |
| (၁၄) | ဒေါ်သန်းသန်းထွေး | အဖွဲ့ဝင်၊ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ | အဖွဲ့ဝင် |
| (၁၅) | ဦးတင်ဝင်း | ရှမ်းအမျိုးသားများဒီမိုကရက်တစ်ပါတီ | အဖွဲ့ဝင် |
| (၁၆) | ဦးကျော်ဝင်း | ရှမ်းတိုင်းရင်းသားများဒီမိုကရေစီအဖွဲ့ချုပ်ပါတီ | အဖွဲ့ဝင် |
| (၁၇) | ဦးဝင်းလှိုင်မြင့် | တိုင်းရင်းသားလူမျိုးများဒီမိုကရေစီပါတီ | အဖွဲ့ဝင် |
| (၁၈) | ဦးညွန့်လှိုင် | ဓနုတိုင်းရင်းသားလူမျိုးများဒီမိုကရေစီပါတီ | အဖွဲ့ဝင် |
| (၁၉) | ဦးကျော်မြင့်နိုင် | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | အဖွဲ့ဝင် |
| (၂၀) | ဒေါ်ခိုင်ခိုင်လွင် | မတူကွဲပြားခြင်းနှင့် ငြိမ်းချမ်းရေးပါတီ | အဖွဲ့ဝင် |
| (၂၁) | ဦးမြင့်လွင် | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ | အဖွဲ့ဝင် |
| (၂၂) | ဦးမြင့်ဆန်း | သြဇာတိက္ကမရှိသူ | အဖွဲ့ဝင် |
| (၂၃) | ဦးကျော်မြိုင် | သြဇာတိက္ကမရှိသူ | အဖွဲ့ဝင် |
| (၂၄) | ဦးလှမြင့် | သြဇာတိက္ကမရှိသူ | အဖွဲ့ဝင် |

| | | | |
|---|---|---|---|
| (၂၅) | ဦးမျိုးလွင် | ဩဇာတိက္ကမရှိသူ | အဖွဲ့ဝင် |
| (၂၆) | ဦးခိုင်မင်းကို | အတွင်းရေးမှူး၊ ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ | အတွင်းရေးမှူး |
| (၂၇) | ဦးစိုင်းလှိုင်ထွန်းဦး | ဒု-ဦးစီးမှူး၊ ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ | တွဲဖက်အတွင်းရေးမှူး |

(ဃ) **သီပေါမြို့နယ်ရွေးကောက်ပွဲဆိုင်ရာ စေ့စပ်ညှိနှိုင်းရေးကော်မတီ**

| | | | |
|---|---|---|---|
| (၁) | ဦးစိုင်းသာလှိုင် | ဥက္ကဋ္ဌ၊ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ | ဥက္ကဋ္ဌ |
| (၂) | ဦးစိုင်းရွှေအေး | အဖွဲ့ဝင်၊ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ | အဖွဲ့ဝင် |
| (၃) | ဦးစိုင်းရွှေတင် | အဖွဲ့ဝင်၊ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ | အဖွဲ့ဝင် |
| (၄) | ဦးစိုင်းသိန်းအောင် | အဖွဲ့ဝင်၊ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ | အဖွဲ့ဝင် |
| (၅) | ဦးတင်ထူး | အဖွဲ့ဝင်၊ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ | အဖွဲ့ဝင် |
| (၆) | ဦးစောဘိုလေး | အဖွဲ့ဝင်၊ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ | အဖွဲ့ဝင် |
| (၇) | ဦးစိုင်းထွန်းအေး | အဖွဲ့ဝင်၊ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ | အဖွဲ့ဝင် |
| (၈) | ဦးစိုင်းဝင်းမြင့် | အဖွဲ့ဝင်၊ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ | အဖွဲ့ဝင် |
| (၉) | ဦးမိုးကျော်စွာဝင်း | အဖွဲ့ဝင်၊ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ | အဖွဲ့ဝင် |
| (၁၀) | ဦးစိုင်းထွန်းသိန်း | အဖွဲ့ဝင်၊ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ | အဖွဲ့ဝင် |
| (၁၁) | ဒေါ်နန်းယိင်းဆိမ်ဖောင် | အဖွဲ့ဝင်၊ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ | အဖွဲ့ဝင် |
| (၁၂) | ဒေါ်အေးသူဇာ | အဖွဲ့ဝင်၊ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ | အဖွဲ့ဝင် |
| (၁၃) | ဒေါ်ခင်မမလတ် | အဖွဲ့ဝင်၊ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ | အဖွဲ့ဝင် |
| (၁၄) | ဒေါက်တာနန်းရှုပဟန် | အဖွဲ့ဝင်၊ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ | အဖွဲ့ဝင် |
| (၁၅) | ဦးစိုင်းကျော်ညွန့် | ရှမ်းတိုင်းရင်းသားများဒီမိုကရက်တစ်ပါတီ | အဖွဲ့ဝင် |
| (၁၆) | ဦးတင်ကိုကို | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | အဖွဲ့ဝင် |
| (၁၇) | ဦးစိုင်းမြတ်အောင် | ရှမ်းတိုင်းရင်းသားများဒီမိုကရေစီအဖွဲ့ချုပ်ပါတီ | အဖွဲ့ဝင် |
| (၁၈) | ဦးထွန်းထွန်းမောင် | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ | အဖွဲ့ဝင် |
| (၁၉) | ဦးအောင်ခင် | ဩဇာတိက္ကမရှိသူ | အဖွဲ့ဝင် |
| (၂၀) | ဦးစိုင်းအုန်းကြွယ် | ဩဇာတိက္ကမရှိသူ | အဖွဲ့ဝင် |
| (၂၁) | ဦးစိုင်းကျော်လှိုင် | ဩဇာတိက္ကမရှိသူ | အဖွဲ့ဝင် |
| (၂၂) | ဦးစိုင်းအောင်ခမ်း | ဩဇာတိက္ကမရှိသူ | အဖွဲ့ဝင် |
| (၂၃) | ဦးဆောပေတ | ဩဇာတိက္ကမရှိသူ | အဖွဲ့ဝင် |
| (၂၄) | ဦးမိုးထွေးဦး | အတွင်းရေးမှူး၊ ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ | အတွင်းရေးမှူး |
| (၂၅) | ဦးစိုင်းမင်းထွေး | ဒု-ဦးစီးမှူး၊ ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ | တွဲဖက်အတွင်းရေးမှူး |

(င) **နမ့်ဆန်မြို့နယ်ရွေးကောက်ပွဲဆိုင်ရာ စေ့စပ်ညှိနှိုင်းရေးကော်မတီ**

| | | | |
|---|---|---|---|
| (၁) | ဦးကျင်စိန် | ဥက္ကဋ္ဌ၊ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ | ဥက္ကဋ္ဌ |
| (၂) | ဦးအောင်လွင် | အဖွဲ့ဝင်၊ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ | အဖွဲ့ဝင် |
| (၃) | ဒေါ်မြမြခင် | အဖွဲ့ဝင်၊ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ | အဖွဲ့ဝင် |
| (၄) | ဦးနေဝင်း | အဖွဲ့ဝင်၊ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ | အဖွဲ့ဝင် |
| (၅) | ဦးစံအေး | အဖွဲ့ဝင်၊ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ | အဖွဲ့ဝင် |
| (၆) | ဦးသောင်းလှ | အဖွဲ့ဝင်၊ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ | အဖွဲ့ဝင် |
| (၇) | ဦးချစ်သန်း | အဖွဲ့ဝင်၊ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ | အဖွဲ့ဝင် |
| (၈) | ဦးဇော်နိုင် | အဖွဲ့ဝင်၊ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ | အဖွဲ့ဝင် |
| (၉) | ဒေါက်တာဇော်ထင်းအောင် | အဖွဲ့ဝင်၊ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ | အဖွဲ့ဝင် |
| (၁၀) | ဒေါ်ယဉ်ယဉ်ဝေ | အဖွဲ့ဝင်၊ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ | အဖွဲ့ဝင် |
| (၁၁) | ဦးလှထွန်းအေး | အဖွဲ့ဝင်၊ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ | အဖွဲ့ဝင် |
| (၁၂) | ဦးထင်လင်းအောင် | အဖွဲ့ဝင်၊ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ | အဖွဲ့ဝင် |
| (၁၃) | ဒေါ်နန်းထားထားလှိုင် | အဖွဲ့ဝင်၊ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ | အဖွဲ့ဝင် |
| (၁၄) | ဦးမိုင်းညီညီအောင် | အဖွဲ့ဝင်၊ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ | အဖွဲ့ဝင် |
| (၁၅) | ဦးမိုးမင်း | တအာင်း (ပလောင်) အမျိုးသားပါတီ | အဖွဲ့ဝင် |
| (၁၆) | ဦးဝင်းကျော် | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | အဖွဲ့ဝင် |
| (၁၇) | ဦးကာဝိ | ဩဇာတိက္ကမရှိသူ | အဖွဲ့ဝင် |

| | | | |
|---|---|---|---|
| (၁၈) | ဦးလေးမြင့် | သြဇာတိက္ကမရှိသူ | အဖွဲ့ဝင် |
| (၁၉) | ဦးစောလွင် | သြဇာတိက္ကမရှိသူ | အဖွဲ့ဝင် |
| (၂၀) | ဦးလှရွှေ | သြဇာတိက္ကမရှိသူ | အဖွဲ့ဝင် |
| (၂၁) | ဦးတင်ဝင်း | သြဇာတိက္ကမရှိသူ | အဖွဲ့ဝင် |
| (၂၂) | ဦးကျော်ဇင်ဦး | အတွင်းရေးမှူး၊ ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ | အတွင်းရေးမှူး |
| (၂၃) | ဦးစိုင်းဝင်းထွဋ်အောင် | ဒု-ဦးစီးမှူး၊ ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ | တွဲဖက်အတွင်းရေးမှူး |

